# ပြန်လည်ကြွလာခြင်းသတင်းကောင်း

## HERALD OF HIS COMING



အိုဇီအုန်မြို့၊ နိုးလော့၊ နိုး၍ ခွန်အားကို ယူလော့။ (ဟေ ၅၂း၁) May 2021

# လက်ဝါးကားတိုင်ပေါ်တွင် ယေရှုခရစ်တော်၏ အသေခံခြင်း

## (The Crucifixion of Jesus Christ)

By F.W.Krummacher (1796-01868)

ထာဝရဘုရားမူကား သူ၏သန့်ရှင်းသော ဗိမာန်တော်၌ ရှိတော်မူ၏။ မြေကြီးသားအပေါင်းတို့၊ ရှေ့တော်၌ ငြိမ်ဝပ်စွာနေကြလော့၊ ( **ဟဗက္ကုတ် ၂း၂၀**)။

ဖရောဖက်ဟဗက္ကုတ်၏နှုတ်ထွက်စကားသည် ဧဝံဂေလိသတင်းကောင်းသမိုင်း၏ အသန့်ရှင်းဆုံး ဌာနတော်သို့ ဝင်သွားသည့်အခါတွင်မိမိတို့ နှလုံးသားများထဲမှခံစား၍ ပြောသည့် စကားဖြစ်စေပါ။

ယဇ်ပူဇော်ခြင်း နေ့ရက်သည် အစ္စရေးလ်လူမျိုးများအတွက် အရေးပါလှသည့် နေ့တနေ့ပင် ဖြစ်သည်၊ (ဝတ်၊ ၂၃း၂၇)၊ယဇ်ပုရောဟိတ်မင်းသည်လည်း ထိုနေ့၌သာလျှင် တနှစ်တွင် တကြိမ် ဗိမာန်တော်၏ အတွင်းခန်း ဖြစ်သော အသန့်ရှင်းဆုံး ဌာနတော်သို့ ဝင်ရ သည်။ နက်နဲလှသော ထိုသန့်ရှင်းရာ ဌာနတော်သို့ မဝင်မီ သူသည် ပညတ်တရား၏ လမ်းညွှန်မှုအတိုင်း မိမိ၏ တန်ဘိုးကြီးလှသည့် ဝတ်ရုံတော်ကို ချွတ်ပယ်ကာ အစင်းအကွက်မရှိ ဖြူစင်သည့် ပိတ်သင် တိုင်းကိုသာ ဦးခေါင်းမှ ခြေဆုံးအထိ ဝတ်ဆင်ရသည်။ ထို့နောက် ယဇ်ပုရောဟိတ်မင်းသည် အင်တုံနှဲ့ ယဇ်ပူဇော်ရာအသွေးကိုယူပြီးကြည်ညို သောစိတ်ဖြင့်ကာရံထားသည့် ကန့်လန့်ကာကို အစဉ်အတိုင်း ဆွဲဖွင့်ရသည်။ သူသည် နှိမ့်ချခြင်း၊ ဘုရားသခင်အားကြောက်ရွံ့ခြင်းဖြင့် ကျေးဇူးတရားပလ္လင်တော်သို့ ချဉ်းကပ်ပြီး ယဇ်ကောင်၏အသွေးကို ဖြန့် ပတ်ရသည်။ သူသည် ယဇ်ပုရောဟိတ် နဲ့ဆိုင်သည့် တာဝန်ကို ထမ်းဆောင်ရ သည်ထက်ပို၍ သန့်ရှင်းရာ ဌာနတော်၌ နေထိုင်ခြင်းမပြုခဲ့ပေ။ ထို့နောက်သူသည် သန့်ရှင်းရာ ဌာနတော်မှ ပရိသတ် ထံသို့ ထွက်လာပြီး နောင်တရသော သူတို့အား ယေဟောဝါ နာမ၌ကျေးဇူး တော်နှင့်အပြစ်ခွင့်လွှတ်ခြင်းကိုကြေညာခဲ့သည်။

ယခုတွင် ကျွန်ုပ်တို့သည် ဤပုံဆောင်ချက်နဲ့ဆိုင်သော အလွန်အရေးပါသည့် အမှုသည် စုံလင်၍ မှန်ကန်သည့် အောင်မြင်မှုဖြစ်စေသည်ကို သိရှိရမည်ဖြစ်သည်။ ဘုရားသခင်၏ ရည်ရွယ်ချက်အတိုင်း ဓမ္မဟောင်းကျမ်း တခုလုံးမှ ယဇ်ပုရောဟိတ် လုပ်ငန်းများသည် ပုံဆောင်ချက် အရိပ်သဏ္ဍာန်မျှသာ ဖြစ်သည်။ သန့်ရှင်းတော်မူသော ယေရှုထံမှ ပို၍တိုးသော အရှက်ရခြင်းနှင့် ဒုက္ခဆင်းရဲခြင်း၏ ထူထပ်သော ကန့်လန့်ကာနောက်ကွယ်မှ မိမိကိုယ်ကိုယ် ဖုံးကွယ်ထားခြင်းဖြစ်သည်။ ယေရှုသည် သူ၏ ခမည်းတော် ဘုရားသခင်နှင့် ကျွန်ုပ်တို့ကြားကြားဝင်ဖျန်ဖြေရန် သူ၏ လက်တော်ဖြင့် မိမိ၏ အသွေးတော်ကို ယူဆောင်လာခဲ့သည်။ သူသည် မောရှေ၏ ပညတ်တရားနှင့် တဲတော်ထဲမှ ပုံဆောင်သည့် လုပ်ငန်းတာဝန်များအားလုံးကို နားလည်သိရှိပြီး အဆုံးသတ်လုပ်ဆောင်ခဲ့သည်။ ကျွန်ုပ်တို့၏ အသိပညာတန်ခိုးအားဖြင့် အလုံးစုံ နားမလည်နိုင်သော တိုတောင်းသည့် ဤနည်းလမ်းကို အဆုံးသတ် ပြည့်စုံစေခဲ့သည်။ သို့သော် သူသည် ကျွန်ုပ်တို့၏ ထာဝရရွေးနှုတ်ခြင်းကို အဆုံး၌လုံခြုံစေသည်မှာ အနုစိပ်လွန်းလှပေသည်။

### ကားတိုင်လမ်းသို့

ကျွန်ုပ်တို့သည် ကားတိုင်လမ်းသို့ တဖန်ပြန်၍သွားကြပြီး လူသတ်ကုန်းသို့ ခရီးပြုနေသည့် လူအုပ်ကြီးနဲ့ အတူ စိတ်နှစ်ထားကြရသည်။ သူတို့သည် ဣသရေလလူမျိုးများ၏ ကြမ်းတမ်းလှသည့် ဘုရင့်ဂူဗိန်မာန်များကို ဖြတ်သန်းခဲ့ကြရသည်။ရှေးခေတ် သက်ဦးဆံပိုင် ဘုရင်များသည် မိမိတို့၏ ဂူဗိမာန်များတွင် အိပ်စက်နေကြပါသည်။ သို့သော် အသက်သခင်သည်

အနီးမှ ဖြတ်သွားသည့်အခါ ရှင်ပြန်ထမြောက်ခြင်း အာရုံဦးသည် အကျည်းတန်လှသော သူတို့ ဂူဗိမာန်များပေါ်တွင် လင်းလက်လာသည်။ လူတစ်သီကြီးသည် ဂဟေနာ တောင်ကြားသို့ဝင်သွားကြသည်။ ထိုအရပ်သည် တခါကမောလုဘုရားအား ပူဇော်သည့် သွေးညှီစော်အနံ့ဆိုးသည့် နေရာပင်ဖြစ်သည်။ သို့သော်ပို၍ကြောက်မက်ဘွယ် ကောင်းသော ဂဟေနာအရပ်ရှိသေးသည်။ ယခုတွင် ကျွန်ုပ်တို့ မြင်တွေ့ရသော ခန္ဓီတော်နဲ့ ပြည့်စုံ၍ ဒုက္ခဝေဒနာကို ခံစားဖို့ရန် မိမိကိုယ်ကို အပ်နှံသော ဘုရားသခင်၏ သိုးသငယ် တော်မပါဘဲ မည်သူသည် ထိုဂဟေနာ အရပ်မှ ထွက်ပြေးလွတ်မြောက်မည်နည်း။

ကျွန်ုပ်တို့သည် ကြောက်မက်ဘွယ်ကောင်းသော ဤတောင်ခြေရင်းသို့ ရောက်ခဲ့ကြပါပြီ။ သို့သော်ထိုတောင်ပေါ်သို့ မတက်မီ မိမိတို့နောက်တွင်ရှိ သောလူအုပ်ကြီးအား တချက်လှည့်ကြည့် ကြပါစို့လား။ ထိုသို့ကြည့်သည့်အခါ အမုန်းတရားနှင့် ရန်ငြိုးကြီးသူများကြား အမျက်ဒေါသမီးများ တောက်လောင်နေသည်ကို တွေ့မြင်မည်။ ဒုက္ခဝေဒနာ ခံစားနေသော ဘုရားသခင်၏ သားတော်အား ဂရုဏာသက်ပြီး နက်နက်ကာကာ ကြည်ညိုဘွယ်ကို ရှာတွေ့နိုင်ကြမည်။ အား ... ညအမှောင် ထုထဲ၌ ဂရုဏာစိတ်ရှိသော လူတစု ကဲ့သို့ ရှိသေသမှု ပြုထိုက်သော လူနည်းစုသာလျှင် ကျွန်ုပ်တို့၏ မျက်နှာကို မြင်တွေ့ခဲ့ပါသည်။ ကျွန်ုပ်တို့သည် ဘုရားတရား ကြောက်ရွံ့ရှိသေသည့် ဆာလုန်မီကို ပထမဦးဆုံး တွေ့ခဲ့ပါသည်။ သူသည် သားနှစ်ဦး "မိုးကြိုး၏ သားများ" ၏ မိခင်ဖြစ်သည်။ ဆာလုန်မီသည် သူ့သားသမီးများအား သေသည့်တိုင်အောင် သစ္စာရှိစွာ ပုံသက်သေထူစေရန် ဆန္ဒရှိသူဖြစ်သည်။ ထို့ကြောင့် ယာကုပ်နှင့်ယောဟန်တို့သည် နောက်ပိုင်းတွင် ထိုကဲ့သို့ မိခင်တစ်ဦးအား ဂုဏ်ပြုထိုက်ကြောင့်ကို မိမိတို့ ကိုယ်ကိုယ်ပုံသက်သေကောင်းဖြင့် အသက်ရှင်ပြီး ပြသခဲ့ကြသည်ကို ကျွန်ုပ်တို့ တွေ့ရပါသည်။ ဆာလုန်မီနားမှ မာရိသည်လည်း လိုက်ပါလာသည်။ သူသည် အပျိုကညာ မယ်တော်မာရိနဲ့ ဆွေမျိုးရင်းဖြစ်သည်။ မာရိသည် သခင်ယေရှုနှင့် အရင်းနှီးဆုံးမိတ်ဖွဲ့သည့် သူ့သားနှစ်ဦးဖြစ်သော ယာကုပ်အငယ်နှင့် ယောသတို့ကို မြင်တွေ့ခွင့်ရခဲ့သည်။ အား ... ရှိုက်ကြီးတငင်နဲ့ ငိုကြွေးနေသည့် မာဂဒလ မာရိသည်လည်း သူတို့အနားမှပါလာပါသည်။ သူသည် နတ်ဆိုးများ၏လုပ်ဆောင်ချက်များကို ဖျက်ဆီးဖို့ရန်ကြွလာခဲ့သည့်ထိုသခင်၏ ရွေးနှုတ်ခြင်းတန်ခိုးကို အခြားသူအားလုံးထက် လက်တွေ့ခံစားခဲ့ရသူဖြစ်သည်။ သို့သော် သခင်ယေရှု ချစ်သော တပည့်တော်အပေါ်တွင် မှီ၍လိုက်ပါလာသည့် ဒယိမ်းဒယိုင်နဲ့အမျိုးသမီးသည် အဘယ်သူနည်း။ သူသည် အခြားသူများအားလုံးထက် ပူဆွေးပြီး ညိုးငယ်နေသော မျက်နှာကို ပါဝါနဲ့ ဖုံးအုပ်နေသည်မှာ အဘယ်သူနည်း။ သူသည် စိတ်နှလုံးသားထဲတွင် နာကျင်ခံစားနေရသည့် ကျွန်ုပ်တို့ သခင်ယေရှု၏ မယ်တော်ပင်ဖြစ်သည်။ မယ်တော်မာရိနဲ့ ပတ် သတ်၍ ရှိမုန်၏ ဖရောဖက်ပြုချက်သည် ယခုအခါ ပြည့်စုံပြီဖြစ်သည် - "ထိုမှတပါး သန်လျက်သည် သင်၏ စိတ်နှလုံးကို ခွင့်လိမ့်မည်ဟု မြွက်ဆို၏" (လု၊ ၂း၃၅)။ သို့သော် ထိုကဲ့သို့ လက်ဝါးကား တိုင်တော်ပေါ်၌ အဆုံးသတ်ရမည်ကိုလည်း အနည်းဆုံး မယ်တော်မာရိ၏စိတ်ထဲ၌ခံစားခဲ့ပြီးဖြစ်ပေမည်။သို့သော်ကောင်းကင်သို့မော့ကြည့်လိုက်ပါ - မာရိ၊ သင်၏ ပူဆွေးသောကအားလုံးကို ထာဝရအဘထံတော်သို့ အပ်နှံထားလိုက်ပါ။သင့်သားသည်လက်ဝါး ကားတိုင်တော်၌ အသက်ခံရမည်ကို သင်သိရှိပါသလား။သူသည်လည်းထိုကဲ့သို့ အသက်ခံရမည်ကို သိရှိပါသည်။ ခေါင်းတော်၌ဆူးရစ်သရဖူများနဲ့ဆောင်းသော သူသည် သင့်သားဖြစ်သည်နည်းတူ ထာဝရအဘ၏ သားလည်းဖြစ်သည်။ ချစ်ဘွယ်ကောင်းသော တပည့်တော်ကိုကြည့်ပါ။ သူကိုယ်တိုင်သည် စိတ်သောကကြောင့် ဆောက်တည်ရာမရ ဖြစ်နေ သော်လည်း အလွန်ဝမ်းနည်းပူဆွေးနေသည့် သူ့သခင်၏ မိခင်အားနှစ်သိမ့်ရန် ကြိုးစားနေသည်။ အလွန်ကြေကွဲဘွယ်မြင်ကွင်း မဟုတ်ပါလား။ သို့သော်ပူဆွေးသောက ရောက်နေသည့် လူသားကို ချစ်သောမေတ္တာအား နားလည်သိရှိခြင်းသည် အားရကျေနပ်ဘွယ်ဖြစ်ပြီး မြေကြီးပေါ်တွင် လုံးဝဥဿုံပျောက်ကွယ်မသွားပေ။ထိုမေတ္တာသည် အဆုံးမရှိပေ၊ ထိုအဖြစ်အပျက်၌ ပင်လျှင် စိုးရိမ်သည့် အရိပ်အရောင်မျှမတွေ့ပေ။ ပူဆွေးနေသည့် ထိုအုပ်စုတွင် ဒုက္ခဝေဒနာခံစားနေသည့် ဘုရားသားတော်၏ အသေခံနှင့်သည့် အနာဂတ်နိုင်ငံတော် အစပျိုးသည့် မျိုး စေ့ကိုသာလျှင် သင်မြင်တွေ့ရမည်။ လူနည်းစုကလွဲ၍ မည်သူကမျှ မရေတွက်နိုင်သည့် လူအုပ်ကြီးသည် မကြာခင် ဆက်၍များလာမည် ဖြစ်သည်။

## ကာရာနီတောင်ကုန်းထိပ်

ကျွန်ုပ်တို့သည်နောက်တခါ မိမိတို့ကိုယ်ကို လူအုပ်ကြီးနဲ့အတူ သွားလာစေကြသည်ဆိုပါစို့။ အနည်းငယ်အထက်ကို ဆန်တက်သွားသည်နဲ့ ကျွန်ုပ်တို့သည် ဘုရားဖူးခရီး၏ အဆုံးကို ရောက်ကြပါမည်။ ယခုလက်ရှိတွင် ကျွန်ုပ်တို့သည်မည်သည့်နေရာ၌ရောက်ရှိနေကြသနည်း။ ကျွန်ုပ်တို့သည် တကမ္ဘာလုံး၌ အရေးပါဆုံးနှင့် ကြောက်မက်ဘွယ် အကောင်းဆုံးသော ဆုံမှတ်နေရာ၏ ဘွဲ့နာမကိုဒင်း ၊ ထိတ်လန့်တုန်လှုပ်ဘွယ်ကောင်းသော အမည်နာမကိုဒင်း ပိုင်ဆိုင်ထားသည့် ဂေါလ ဂေါသအရပ်တည်းဟူသော ကာရာနီ တောင်ကုန်းပေါ်ထိပ်တွင် ရပ်နေကြခြင်း ဖြစ်

သည်။ အလွန်ထိတ်လန့် တုန်လှုပ်ဘွယ်နဲ့ ပြည့်နေသော ဤနေရာသည် **"ငါ့ကိုမစခြင်းအကြောင်းသည် ပေါ်ထွန်းရသော တောင်ရိုးပေါ်သို့ ငါမျှော်ကြည့်၏"**ဟူသောနေရာသို့ပြောင်းလဲလာခဲ့သည်။ရှင်ဘုရင်များနှင့် ဖရောဖက်များသည် သူ၏အံ့ဘွယ် နဲနက်သောအရာများကို မြင်တွေ့လိုကြသော်လည်း မြင်တွေ့ခွင့် မရခဲ့ကြချေ။ ဟုတ်ပါသည်၊ ထိတ်လန့် တုန်လှုပ်ဘွယ်ကောင်းသော ဤတောင်ကုန်းပေါ်တွင် ကျွန်ုပ်တို့၏ နှင်းဆီပန်း များသည်ဖူးပွင့်ကြပြီး၊ ကျွန်ုပ်တို့၏ ငြိမ်သက်ခြင်းနှင့် ကယ်တင်ခြင်း စမ်းရေတွင်းများသည် ကွဲမတက်လျှံထွက်၍ စီးထွက်လာကြပါသည်။ ကျွန်ုပ်တို့၏ ခိုလှုံရာရဲတိုက်သည် ဤတောင်ထိပ်ပေါ်တွင် ရှိနေပါသည်။ ကျွန်ုပ်တို့၏ အိပ်ပျော်ခြင်းနှင့် ထာဝရအနားယူရာ ဗေသနိရွာသည် ဤနေရာ၌ မြင်သာအောင် ကျွန်ုပ်တို့အား ပြသနေပါသည်။ ကာရာနီတောင်ကုန်းသည်ကမ္ဘာမြေကြီးတစ်ခုလုံး၏အလယ် ဗဟိုချက်မအဖြစ် တည်ဆောက်ထားသည် ဟူသောရှေးပဝေသဏီကလူသားများ အဆိုပြုထားသည်မှာ အလွန်မှန်ကန်လှပေသည်။ ဤနေရာသည် ခန္ဓာကိုယ်အားဖြင့် တိုင်းနိုင်ငံအသီးသီးနှင့် ပင်လယ်ရပ်ခြားတွင် ရှိနေကြသော ရွေးနှုတ်ခြင်းခံရသောယုံကြည်သူများသည် စိတ်ဝိညာဉ်အားဖြင့် နေ့စဉ် တွေ့ဆုံပြီး တဦးနဲ့တဦးမေတ္တာအနမ်းဖြင့်နှုတ်ဆက်ကြမည့်နေရာ ဖြစ်သည်။

ကြောက်မက်ဘွယ်ကောင်းသော ထိုတောင်ကုန်းသည် ဘုန်းကျက်သရေတော်နဲ့ ပြည့်စုံသည့် သခင်၏ လောကီအမှုတော်မြတ်လုပ်ငန်းကို အဆုံးသတ်စေခဲ့သည်။ ထိုသခင်အား မျှော်ကြည့်ပါ၊ ထိုအခါ မြေကြီးပေါ်တွင် စိမ်းလန်းပြီး အသီးဝေဆာ၍ ကောင်းသော အပင်များကိုသာဖြစ်စေမည်၊ ဤအပင်၏ အမြစ်၌ ပုဆိန်ကို ထားလျက်ရှိသည်၊ (မဿဲ၊ ၃း၁၀)။ လောကီနဲ့ ဆန့်ကျင်ဘက်ဖြစ်သည့် သက်သေပင်မဟုတ်ပါလား။နောက်ပိုင်းနက်နဲသောကိုယ်စားအပြစ်ဖြေခြင်း၌ အဖြေရှာမတွေ့ခဲ့သောကြောင့် ဘုရားသခင်၏ နာမတော်နှင့် ကွယ်ကာမစခြင်းကို ယူဆောင်လာသော အရာအားလုံးအား ဆန့်ကျင်သည့်အရာကို အနိုင်ယူဖျက်ဆီးခြင်းပင်ဖြစ်သည်။ ထိုသခင်အား မျှော်ကြည့်ပါ၊ ဒဏ်ရာဒဏ်ချက်များနှင့် ရက်ကြောက်ခြင်းများ ဖုံးအုပ်လျက် ရှိနေသည်။ သူ့အား ကိုးစားသူများကြားကအပြစ်သားများနှင့် မခြားနားတော့ပေ။ သူ၏ အသွေးတော် ဗတ္တိဇံ မင်္ဂလာခံယူရန် အချိန်ရောက်ရှိခဲ့ပြီးဖြစ်သည်။

## အဆင်တန်ဆာအလုံးစုံရုပ်သိမ်းခံရခြင်း

အား ... အား ... ယခုတွင် သွေးစွန်းသော တောင်ကုန်းပေါ်၌ မည်သည့်အရာဖြစ်ပျက်ခဲ့သနည်း။ ကြောက်မက်ဘွယ် အကောင်းဆုံးသော အလုပ်ကို ကျင့်သားရနေသည့် လက်ပါးစေ အာဏာကွပ်ပါးသား လေးဦးသည် ဤလာရေလအမျိုး၏ သန့်ရှင်းသူထံသို့ ချဉ်းကပ်ခဲ့ကြသည်။ ပထမဦးဆုံး ကွပ်မျက်သည့်အခါများတွင် အသုံးပြုလေ့ရှိသော ယစ်မူးစေသည့် ဝိုင်နဲ့ရောသော အခါးရည် (ပုန်းရည်)ကို သူ့အား ကမ်းပေးခဲ့သည်။ သခင်ယေရှုသည် သူ၏ ကောင်း ကင်ဘုံ ခမည်းတော်၏ အလိုတော်ကိုနာခံလိုသောကြောင့် ဝိုင်နဲ့ရောသော အခါးရည်ကို ခံပြီးယူခဲ့သည်၊ ကျိန်စာသင့်သော အမင်္ဂလာခွက်ဖလားမှ နောက်ဆုံးကျသော အစက်ကို သုံးဆောင်ခဲ့သည်။အာဏာကွပ်ပါးသားများသည် ယေရှု၏ ခန္ဓာကိုယ်ပေါ်မှ ဝတ်ရုံတော်ကိုချွတ်ကာ ကြမ်းကြုတ်သည့် လက်များဖြင့် ဆုတ်ဖြဲပြီး ဘုရားသခင်၏ သိုးသငယ်တော်အား ထိတ်လန့်တုန်လှုပ်ဘွယ်သောအမှုကို စတင်၍ ပြုမူနေကြသည်။ တချိန်က သူ့ဝတ်ရုံတော်သည် ခမ်းညား တောက်ပပြီး၊ သူ့ဝတ်ရုံအနားသတ်သည်လည်း ကောင်းကင်ကြယ်စင်များကဲ့သို့လင်းလက်နေသည်။ ယခုအခါ သူဆင်မြန်းသည့် အဆင်တန်ဆာ အားလုံးမှာ ဖျက်ဆီးခံရကာ နီရဲနေသော သူ့အသွေးတော်သာလျှင် ဖုံးလွှမ်းနေသည်။ သူ့ဂုဏ်အင်္ဂါတော်အားဖြင့် လောကီလူသားများ ရှေ့မှောက်၌ သာမက ဘဲ ဘုရားသခင်၏ ရှေ့တော်မှောက်တွင် အာမခံအနေဖြင့် ထိုတောင်ကုန်းပေါ် တွင် ရပ်နေပါသည်။

သခင်ယေရှုအား အဝတ်တော်ကို ချွတ်ပယ်ပြီးနောက် ဘုရားသခင်၏ အကြံအစည်တော်အတိုင်း ခေါင်းတော်၌ ဆူးရစ်သရဖူကိုသာ ချန်ရစ်ထားခဲ့ကြသည်။လက်မရွံ့စစ်သားများသည်ယေရှုအားသွေးများယိုစီးစေမည့်သစ်တိုင်ပေါ်တွင် ရိုက်ထားကြသည်။ သူတို့၏ ယခုလုပ်ရပ်သည် ဆာလံကျမ်း ၂၂ ၌ ကြိုတင်၍ ဖရောဖက်ပြုချက်ကို သတိမမူသောကြောင့်ဖြစ်သည်။ ထိုကျမ်းစာ၌ မေရှိယသခင်၏ မြွက်ဆိုချက်မှာ - "အကျွန်ုပ်နှင့် ဝေးဝေးနေတော်မမူပါနှင့် ဘေးအန္တရာယ်ရောက် လုနီးပါပြီ။ မစသောသူမရှိပါ။ နွားလားဥသဘတို့သည် အကျွန်ုပ်ကိုဝိုင်း၍၊အားကြီးသော ဗာရှန်ဥသဘတို့သည် ဝန်းလျက်နေကြပါ၏" ဟူ၍ဖြစ်သည်- (ဆာလံ၊ ၂၂း၁၁-၁၂)။ ဘုရင်တကာတို့၏ ဘုရင်မြွက်ဆိုသည့် နောက်ဆုံးနှုတ်ထွက်စကား မဟုတ်ပါလား။ မိတ်ဆွေတို့ .. ကျွန်ုပ်တို့သည် မကြာခဏဆိုသလို ဘုရားသခင်၏ ငြိမ်သက်ခြင်း အိပ်ရာပေါ်တွင် အိပ်စက်တတ်ကြပြီး မျှော်လင့်ခြင်း ဓမ္မသီချင်းများကို နေ့စဉ်သီဆိုကာ ဝမ်းမြောက်စွာ စည်းဝေးတတ်ကြပါသည်။ ကျွန်ုပ်တို့ ခံစားရသည့် ဝမ်းမြောက်ခြင်း အကြောင်းသည် ဘုန်းကျက်သရေနဲ့ ပြည့်စုံသော သခင်၌သာတွေ့ရသည် ကို မမေ့သင့်ပေ။ သူသည် ကြောက်မက်ဘွယ်ကောင်းသော သစ်တိုင်ပေါ်၌ မိမိကိုယ်ကို တခါတည်း အသေခံခဲ့သည်။

## သခင်ယေရှုအားလက်ဝါးကား တိုင်တော်၌ရိုက်ထားခြင်း

သူ၏လက်တော်များကို လက်ဝါးကားတိုင်တော်၌ အတင်းဆွဲဆန့်၍ ရိုက်ထားသည်ကို ကြည့်လိုက်ပါ။ သူ့ခြေတော်အား တခုပေါ်တွင် တစ်ခုထပ်၍ ရိုက်ထားခဲ့သည်။ ထို့ကြောင့် ဣဇက်သည် မောရိယတောင်ပေါ်မှ သစ်တိုင်ပေါ်၌ လဲလျောင်းခဲ့ဖူးသည်။ သို့သော် ကောင်းကင်မှ အသံသည် - "ထိုလုလင်ကို မထိမခိုက်နှင့်" ဟူ၍ ဖြစ်သည် (ကမ္ဘာ၊ ၂၂း၁၂)။ ကာရာနီတောင်ကုန်းပေါ်၌ တိတ်ဆိတ်ငြိမ်သက်သွားခဲ့သည်။ အာဏာ ကွပ်ပါးသားများသည် တူနှင့် သံချောင်းများကို ဆုပ်ကိုင်နေသည်။ နောက်ထပ် ဖြစ်ပျက်မည့် အရာများကို မည်သူကြည့်ရက်မည်နည်း။ ငရဲမီးဖိုထဲမှ ကြောက်မက်ဘွယ် ကောင်းသည့် သံချောင်းများသည် ဖြောင့်မတ်သော ယေရှု၏ လက်တော် နှင့် ခြေတော်များတွင် ရိုက်ထားခဲ့သည်။ သို့သော် ထာဝရသန့်ရှင်းရာ ဌာနတော်မှ ကြို၍ မြင်တော်မူခဲ့ ပြီးဖြစ်သည်။ ပြင်းအားနဲ့ ထုရိုက်နေသည့်အသံကို သင်ကြားခဲ့ပါသလား။ သင်၏ ရွံရှာဘွယ် ကောင်းသည့် အပြစ်သည် သက်သေခံနေ သောကြောင့်၎င်း အသံတို့သည် သင့်နှလုံးသားထဲ၌ မိုးကြိုးပစ်သကဲ့သို့ ဖြစ်ပေမည်။ ထိုအချိန်၌ အနန္တတန်ခိုးတော်ရှင် ဘုရားသခင်၏ အမျက်တော်သည် သင့်အပေါ်သို့ ကျရောက်နေသည်။ အပြစ်၌ အိပ်ပျော်နေခြင်းမှ နိုးထပါ။ အပြစ်၌ သေနေသော အသက်တာမှ ရုန်းထွက်ပါ။ထိုဒဏ်ချက်ရာများကြောင့် မာကြောပြီး မောက်မာသော နှလုံးသားများ ကျိုးပဲ့ကြေမွပြီးအကျိုးရှိသော နောင်တသို့ ရောက်ရှိစေပါသည်။ သင့်နှလုံးသားသည်လည်း အဘယ့်ကြောင့် ကျိုးပဲ့ကြေမွခြင်းမရှိသနည်း။ သက်ဝင်လှုပ်ရှားသော ထိုရိုက်နှဲချက် များကြောင့် သင့်လုပ်ဆောင်ချက်အား အထောက်အကူဖြစ်သည်ကိုသိပါ။ လောကကြီးက ကျူးလွန်ခဲ့သမျှသော မကောင်းမှု နှင့် ဇာတိဆန်မှုများကို စွဲချက်တင်ရန် သင့်စာစောင်ထဲ၌ မှတ်တမ်းတင်ထားပါသည်။

ထုရိုက်သည့် သံချွန်များသည် အဆုံးထိ ဖေါက်ထွက်သွားသည်ကို ကြည့်ပါ။ လက်နှစ်ဖက်နှင့် ခြေနှစ်ချောင်းမှ သန့်ရှင်းသူ၏ အသွေးတော်သည် စီးထွက်နေသည်။ အသက်စမ်းရေကို စီးထွက်စေမည့် အကြောင့်သံချွန်များသည် ကယ်တင်ခြင်း ကျောက်ဆောင် ကိုကျွန်ုပ်တို့အတွက် အလို့ငှါ ထိုးဖေါက် စေခဲ့သည် (ထွက်၊ ၁၇း၆)။ နံ့သာဆီမွှေး စီးထွက်စေရန် ၎င်းတို့သည်ကောင်းကင်ဆီမွှေးပင်ကို ချိုးဖျက်ခဲ့ကြသည်။ ဟုတ်ပါသည်၊ သံချွန်တို့သည် ကျွန်ုပ်တို့အား ဆန့်ကျင်စေမည့် လက်ရေးစာမူများကိုထိုးဖောက်ပြီး ၎င်းအား သစ်တိုင်ပေါ်၌ ရိုက်ထားခဲ့သည် (ကော၊ ၂း ၁၄ )။ ဖြောင့်မတ်သောသူအား ထိုးရိုက်သည့် ဒဏ်ချက်အား ဖြင့် ရှေးမြွေဟောင်း၏ ဦးခေါင်းထဲ တိုင်အောင် ထိုးဖောက်ဝင် ရောက်စေတော်မူခဲ့သည်(ကမ္ဘာ၊ ၃း၁၅)။

လက်ဝါးကားတိုင်တော်၌ ရိုက်ထားခြင်းကို ခံရသောသူအား ကြည်ညိုခြင်းနဲ့ ပတ်သတ်၍ မည်သူတဦးတစ်ယောက်မျှ လှည့်စားခြင်းကို မခံပါစေနဲ့။ ကားတိုင်၌ ရိုက်ထားခြင်းကို ခံရသော ထိုလက်တော်များသည် အနှောင်အဖွဲ့မရှိ လှုပ်ရှားနိုင်သည့်အခါထက် ပို၍ပင် အံ့ဘွယ်သောကောင်း ကြီးပေးနေပါသည်။ထိုလက်တော် များသည် ထာဝရအသင်းတော်၏ အ ဆောက်အဦး အကျယ်အဝန်းအား တည်ဆောက်ပေးနေသော အံ့ဘွယ်ဗိသုကာကြီး၏ လက်တော်များပင်ဖြစ်သည်။ ဟုတ်ပါသည်၊ ၎င်းလက်တော်များသည် ခွန်အားကြီးသောသူထံမှာ ပိုင်ဆိုင်မှု အားလုံးကို လုယူနိုင်သည့် သူရဲကောင်း၏ လက်တော် များပင်ဖြစ်သည် (မဿဲ၊ ၁၂း၂၉)။ ၎င်းလက်တော်များမပါဘဲ ကူညီ မစခြင်းနှင့် ကယ်တင်ခြင်းမရှိပေ။ သွေးများ ယိုစီးနေသော ဤခြေတော်များသည် အချုပ်အနှောင် အတားအဆီး မရှိသည့် အချိန်ထက်ပို၍ ခွန်အားကြီးစွာ လျှောက်လှမ်းနိုင်သည်။ ဤလောကတွင် ၎င်းခြေရာတော်များထက် ပို၍နိမ့်ကျသည့် မည်သည့် စမ်းရေတွင်းများသော်၎င်း၊ မည်သည့် အခြေအနေများ သော်၎င်းမရှိနိုင်တော့ပေ။ကြောက်မက်ဘွယ် အကောင်းဆုံးသောအမှုသည် ပြီးဆုံးခဲ့ပြီဖြစ်သည်။ ဆာလံကျမ်းစာမှ ဖရောဖက်ပြုချက် စကားများမှာ"သူတို့ သည် အကျွန်ုပ်၏ ခြေလက်တို့ကို ထိုး ဖောက်ကြပြီ" (ဆာ၊ ၂၂း၁၆)။ သူတို့သည် ဖရောဖက်ပြုချက် ပြည့်စုံစေသော သူများဖြစ်သည်။ လက်ဝါးကားတိုင်တော် ၏ ခြေရင်းသည် ၎င်းအတွက် တူးဖော်ထားသည့် တွင်းတခုနဲ့ နီးကပ်လာပြီးဖြစ်သည်။ ခွန်အားကြီးသော စစ်သူရဲများ (လူများ)သည် ကားတိုင်ထိပ်ကို ကြိုးနဲ့ ချည်နှောင်ကြကာစ၍ ဆွဲထူနေကြပြီဖြစ်သည်။ ကားတိုင်တော်နှင့် ရာဇဝတ်သားသည်အပေါ်သို့ပင့်မြှောက် ခံရကာအမြင့်သို့ရောက်လေပြီ။မြေကြီး သည် အသက်သခင်အား သူကိုယ်ပေါ် လက်ခံရန် ငြင်းပယ်ခဲ့သည်။ ထို့နည်းတူ ကောင်းကင်ဘုံသည်လည်းသူ့အား ငြင်းဆန်သည်ကို မြင်တွေ့ရပါသည်။

## အောင်မြင်ခြင်းနှင့် ကြားဝင်ဖျန်ဖြေခြင်း

သို့သော်ကျွန်ုပ်တို့သည်ကြောက်မက်ဘွယ်ကောင်းသော ထိုအရာများကို ကန့်လန့်ကာနဲ့ ဖုံးအုပ်ရမည် ဖြစ်သည်။ ဘုရားသခင်အား ကျေးဇူးတင်ပါသည်၊ ထိုကဲ့သို့သော ဒုက္ခဝေဒနာ ခံစားရသည့် မြင်ကွင်းကြောင့် ကျေးဇူးတော် နေမင်း

ကြီးသည် အပြစ်ကမ္ဘာပေါ်သို့ ထွက်လာပါသည်။ ယုဒ၏ ခြသေ့်သည် ကောင်းကင်တန်ခိုး ပိုင်ဆိုင်ထားသည့် ဝိညာဉ်များရှိရာ အရပ်ဒေသသို့ တက်သွားပြီး နက်နဲသော ပဋိပက္ခများနှင့် ကျွန်ုပ်တို့ကိုယ်စား သူတို့၏ တန်ခိုးကို ထာဝရဖျက်ဆီးပစ်ရန် ဖြစ်သည်။

သူ့ဖာသာဖော်ပြနေသည့် မြင်ကွင်းကိုကြည့်ပါ။ လက်ဝါးကားတိုင်သည်အထက်ကိုမြှောက်ထားသည့်ခဏချင်းတွင် ကားတိုင်တွင်ရိုက်ထားခြင်းခံရသော ယေရှု၏ဒဏ်ရာဒဏ်ချက် တော်များမှ နီရဲသောသွေးများ စီးကျလာနေသည်။ ဤအရာသည် သူ့အသင်းတော်အတွက် ပေးသောသူ၏ အမွေအနှစ်ပင်ဖြစ်သည်။ ထိုကဲ့သို့သော အမွေအတွက် ကျွန်ုပ်တို့သည်သူ့အား ကျေးဇူးတင်နေခြင်းဖြစ်သည်။၎င်းအသွေးတော်သည် ဝိညာဉ်ရေးရာ သဲကန္တာရထဲတွင်ကျသည့်အခါ သူတို့သည် နှင်းဆီပန်းကဲ့သို့ ဖူးပွင့်နေသည်။ ထို အသွေးတော်အား ကျွန်ုပ်တို့၏ နှလုံး သားတံခါးထုတ်တံခါးတိုင်များသို့ ဖျန်းပက်သည့်အခါ ကျွန်ုပ်တို့သည် လုံခြုံပြီး ဖျက်ဆီးသောသူများနှင့် တမန်များအား မောင်းထုတ်ခဲ့သည် (ထွက်၊ ၁၂း၂၂-၂၃)။ ဤအသွေးတော် မိုးရွာသွန်းသည့်နေရာတွင် ဘုရားသခင်၏ ဥယျာဉ်တော်သည် စိမ်းစို လှပနေပြီး တောနှင်းပန်းများလည်း ဖူးပွင့်လာသည်။ မည်းနက်သောအရာသည် သန့်စင်သော စမ်းရေတွင်း၌ဖြူစင်လာသည်။ပုပ်ပျက်နေသောအရာသည် နေမင်း၏ အလင်းရောင်ကဲ့သို့ဖြူစင်ဝင်းပလာသည်။ အသွေးတော်မပါဘဲ ရှင်သန်နိုင်သည့်အရာ မရှိပေ။ ကြီးထွားရှင်သန်မှုနှင့် စိမ်းလန်းစိုပြေမှုလည်းမရှိနိုင်ပေ။အရာရာ၌ ခြောက်ကပ်နေခြင်း၊မြုံခြင်းနှင့် သေခြင်းတရားသာရှိပေလိမ့်မည်။

အံ့ဘွယ်နက်နဲသော လက်ဝါးကားတိုင်တော် ကျောက်ဆောင်သည်ကျိန်ခြင်းအမင်္ဂလာ လှိုင်းတံပိုးကို ချိုးဖျက်ပြီး မားမားမတ်မတ်ရပ်နေသည်။ မိမိအပေါ်သို့ စွဲစွပ်ပြစ်တင်မည့် ဤတရားစီရင်ခြင်းကို ဂရုဏာအား ကြီးစွာဖြင့်ပါဝင်ပတ်သတ်သောသူသည် နက်နသော မှောင်မိုက်အတိ၌ ရှိသည့် သစ်တိုင်ပေါ်တွင် မိမိကိုယ်ကိုယ် အသေခံခဲ့သည်။သူသည်နံနက်သား မိုးသောက်ကြယ် ဖြစ်နေဆဲပင်ဖြစ်ပြီး လောကကြီးအား ထာဝရဥပုသ်နေ့ကို ကြေညာပေးသည်။ ကောင်းကင်နှင့် လောကသည်သူ့အားငြင်းပယ်ခဲ့သည်။ သို့သော်သူသည်၎င်းတို့ကြားပတ်သတ် ဆက်နွယ်မှုကို သူတို့၏ ထာဝရ အာမခံအဖြစ်မိတ်သဟာယအသစ်ကို တည်ဆောက်ပေးခဲ့သည်။ အိုး … ကြည့်ပါ၊ သွေးယိုစီးသော သူ့လက်တော်သည် ကျယ်ဝန်းလှသည်တကား၊ထိုလက်တော်သည်အပြစ်သား အားလုံးအပေါ်သို့ ဆန့်တန့်နေပါသည်။ ထိုသခင်၏ လက်တော်သည်အရှေ့နှင့်အနောက် ညွှန်ပြ (ဆန့်တန့်)တော်မူပြီး မြေကြီး အရပ်လေးမျက်နှာ မှသူ့သားသမီးများကို စုဝေးစေတော်မူသည်။ လက်ဝါးကား တိုင်တော်ထိပ်သည် ကောင်းကင်သို့ မျက်နှာမူနေပြီးမြေကြီးထက်မြင့်၍ တလောက လုံးကိုအကျိုးသက်ရောက် စေသည်။ ကားတိုင်တော်၏ ခြေရင်းသည် မြေကြီး၌စိုက်ထူခဲ့ပြီး အံ့ဘွယ်သစ်တိုင်တော်ဖြစ်လာပါသည်။ကျွန်ုပ်တို့သည် ထိုကားတိုင်တော်မှ ထာဝရ သင့်မြတ်ခြင်းအသီးကို ဆွဲခူးခွင့် ရရှိပါသည်။ ဘုရားသခင်သည် ကျွန်ုပ် တို့၏ နောင်တမျက်ရည်ကို အသိအမှတ်ပြုခြင်းမှလွဲ၍ မည်သည့်အရာမျှ မလိုအပ်တော့ပေ။ သန့်ရှင်းသော ဝိညာဉ်တော်သည် ကျွန်ုပ်တို့အား လက်ဝါးကား တိုင်တော်၌ ဒုက္ခဝေဒနာခံစားသည့် ကယ်တင်ရှင်ကိုကျွန်ုပ်တို့အား ပြနေပါသည်။ ထို့နောက်ကျွန်ုပ်တို့သည် လောကီပူပန်မှုနှင့် ဝမ်းနည်းခြင်းအားလုံးမှ ထွက်ပြေး လွတ်မြောက်ပြီး ဘုရားသခင်၏ဘုန်းတော်ကိုမျှော်လင့်ခြင်း၌ ဝမ်းမြောက်ကြမည်။ ဘုရားသခင်၏ မျက်မှောက်တော်၌ကျွန်ုပ်တို့၏ ဖြောင့်မတ်ခြင်းသည် ထိုအရာထက်ပို၍ ဘာမျှမလိုအပ်တော့ပေ။ ကျွန်ုပ်တို့၏ အကူအညီမဲ့သောဟိရိဩတ္တပစိတ်၏ အော်ဟစ်သံသည်ထိုအသွေးတော်ကိုဖြန့်သော ယဇ်ပလ္လင်တော်သို့ ရောက်လေပြီ "အာဗေလ၏အသွေးပြောဆိုသော အရာထက်သာ၍မြတ်သောအရာကို ပြောဆိုခြင်း" ဟူ၍ဖြစ်သည် (ဟေဗြဲ၊ ၁၂း၂၄)။ ထို့ပြင်ပူဆွေးသော လူသားသည် သူ၏ ကြွယ်ဝသောဘဏ္ဍာများကို ကျွန်ုပ်တို့အားပြသကာ အပ်နှင်းခဲ့ပါသည်။ အလွန်ကြွယ်ဝလှစွာသော အမိန့်တော်အားဖြင့်သူ့သားဂျိုးဆက်အပေါ်ပြုသည့်ကောင်းကြီးမင်္ဂလာသည် - "သင့်အဘပေးသောကောင်ချီးမင်္ဂလာသည် ထာဝရတောင်တို့၌ဖြစ်သောကောင်းကြီးမင်္ဂလာ၊ထာဝရကုန်းတို့၌ နှစ်သက်ဘွယ်သော အရာတို့ထက် သာ၍မြတ်၏" (ကမ္ဘာ၊ ၄၉း၂၆)ဟူ၍ပင် ဖြစ်သည်။

## ပဋိညာဉ်တရားသစ်၏စံနှုန်း

ပဋိညာဉ် တရားသစ်၏ စံနှုန်းသည် မားမားမတ်မတ် စိုက်ထူနေပါသည်။ ပဋိညာဉ်တရား၏ စံနှုန်းကို နားလည်သဘောပေါက်သည့်အခါကြောက်ရွံ့တုန်လှုပ်၍ အလွန်မြတ်နိုး သည်ထက်ဘာမျှမရှိတော့ပါ၊ ပျော်ရွှင် ဝမ်းမြောက်သည်ထက်မြည်တမ်းခြင်းကိုလျော့နည်းစေမည်။ ပဋိညာဉ် တရားသစ်သည် ယနေ့တိုင်အောင် ခိုင်ခန့်စွာ ရပ်တည်နေပြီးထာဝရရပ်တည်နေလိမ့် မည်။ ၎င်းသည်မည်သည့်နေရာ၌ရှိနေသည်ဖြစ်စေ ထင်ရှားသော အမှတ်လက္ခဏာ၊ အံ့ဘွယ်အကျိုးသက်ရောက်မှုများနှင့် ဝန်းရံနေသည်။ သာသနာကွင်းများသည် စိမ်းစိုနေသည်ကို မျှော်ကြည့်ပါ။ ဝိညာဉ်တော်နွေဦးအခါ သမယသည် ဒိဋ္ဌသဲကန္တာရပြင်များ အပေါ်သို့ ကျရောက်လေပြီ။ ပင်လယ်ပြင် ကျွန်းစုများထံမှ ငြိမ်သက်

ခြင်း စောင်းသံများကို နားစွင့်ပါလေ။ မြောက်အရပ်ရေခဲပြင်များကြားရှိ နှလုံးသားများသည် ဘုရားမေတ္တာတော် မီးနဲ့ စတင် တောက်ပလာနေသည်ကို မျှော်ကြည့်လှည့်ပါ။ ဤအရာများသည် မည်သည့် အရာမှ ပြောင်းလဲသွားသနည်း။ ဤရှင်ပြန်ထမြောက်ခြင်းသည် အံ့သြဘွယ်ဖြစ်ပါသလား။ တောင်ကြားမှ အရိုးခြောက်များကို မည်သည့်အရာ က လှုပ်ခါစေခဲ့သနည်း(ယေဇကျေ၊ ၃၇း၄)။ လက်ဝါးကားတိုင်တော်အား တိုင်းနိုင်ငံအနှံ့သို့ သယ်ဆောင်သွားခဲ့ပြီး ၎င်း၏ အရိပ်ကျရောက်သည် မြေသားသည် စိမ်းလန်းစိုပြေပြီး သေသောသူများလည်း အသက်ရှင်ခဲ့သည်။

“ငါသည် ခရစ်တော်နဲ့အတူ လက် ဝါးကားတိုင်တော်၌ အသေခံပြီ” ဟု တမန်တော် ရှင်ပေါလုက ကြွေးကြော်ခဲ့သည် (ဂလာ၊ ၂း၂၀)။ ဤ နှုတ်ထွက်စကားများအားဖြင့် လက်ဝါး သည်ဟု ဆိုလိုခြင်း ဖြစ်ပါသည်။” သို့ သော်တမန်တော် ရှင်ပေါလု၏ ဝါကြွားခြင်းသည် ကျွန်ုပ်တို့အားလုံး၏ ပိုင်ဆိုင်သည့် အမွေပင်ဖြစ်သည်။ အသက်ရှင်သော ယုံကြည်နှင့် မေတ္တာတရား၏ အနှောင်အဖွဲ့များကြောင့် ကျွန်ုပ်တို့သည် လက်ဝါးကားတိုင်၌ အသေခံသည့် ယေရှုနဲ့အတူတလုံးတဝတည်း ဖြစ်တော်မူသည်။ ကျွန်ုပ်တို့၏ဖေါက် ပြန်သော ဇာတိသဘောသည်လူဟောင်းဖြစ်သော ဇာတိအသွေးအသား တပ်မက်ခြင်းနဲ့ အတူ သေခြင်းသို့ရောက်သည့်တိုင် တရားစီရင်ပြီးဖြစ်သည်ကိုသိသော အားဖြင့် ခရစ်တော်၏လက်ဝါးကား တိုင်တော် တရားနဲ့အတူ မိတ်သဟာ ရဖွဲ့ရန် ချီးမြှောက်ခြင်းသို့ ရောက်ခဲ့ပြီးဖြစ်သည်။ ကျွန်ုပ်တို့သည် ဖွင့်ဟနေ သော ကာရာနီ တောင်ကုန်းပေါ်မှ လက်ဝါးကားတိုင်တော်၏စုံလင် တောက်ပသော ငြိမ်းချမ်းမှုကို မြင်တွေ့နေရပါသည်။

လက်ဝါးကားတိုင်တော် ၌ အသေခံမည့်အချိန် နီးကပ်လာသည်နဲ့အမျှ ယေရှုသည် လက်ဝါးကားတိုင်တော်၌ ကြုံတွေ့ရမည့်အရာများနဲ့ ပတ်သတ်ပြီး ပို၍စိတ်လေးလံမှုကို ခံစားလာပါသည်။ လက်ဝါးကားတိုင်ကို ထမ်းခြင်းသည် ခန္ဓာပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနှင့် ဝိညာဉ်ပိုင်းဆိုင်ရာ ပြင်းထန်သော နာကျင်မှုများ ခံစားရမည်ကို ကောင်းကောင်းနားလည်ခဲ့ပြီးဖြစ်သည်။ ယေရှုသည် လက်ဝါးကားတိုင်တော်၌ အသေခံဖို့ဆုံးဖြတ်ချက်ချခဲ့သည့်အပေါ်အလွန် ပူပန်ခဲ့ပြီး အထူးသဖြင့် ကားတိုင် တော်၌ အသေမခံမှီည ဂေတရေမန် ဥယျာဉ်ထဲတွင်ပို၍ပူပန်ခဲ့သည်။ အထူး ဆုတောင်းသည့်၎င်းနေရာတွင်သူသည်“ ဝမ်းနည်းပူဆွေးပြီးအလွန်စိတ် သောက ရောက်” ခဲ့သည်။ သူသည် ပေတရု၊ ယာကုပ်၊ ကျွန်ုပ်တို့၏ ဘဝမျက်ရည် တောင်ကြားအသက်တာလမ်းတွင် အမြဲထွန်းလင်း

# လက်ဝါးကားတိုင်တော်ဘုရားသခင်၏ မေတ္တာတော်သတင်းစကား

## (The Cross: A Message of God’s Love)

**By Rich Carmichael**

ကားတိုင်တော်သည် ယုံကြည်သူများအားလုံးအတွက် ကောင်းသော အသီးအပွင့်ကို ယူဆောင်လာဟု ညွှန်ပြနေပါသည်။ သူဆိုလိုသည့်အနက် အဓိပ္ပာယ်မှာ “၎င်းတို့သည် သူ့အပြစ် များကြောင့်မဟုတ်ဘဲ ကျွန်ုပ်၏ အပြစ်ကြောင့် ကျိန်ခြင်း အမင်္ဂလာကို ခံနေသည်။ ကျွန်ုပ် အတွက် လက်ဝါးကားတိုင်ပေါ်၌ အဆုံးသတ်မည့်သူသည် ငါ့အတွက် အသေခံပေးသူဖြစ်၏။ ခရစ်တော်သည် အကျွန်ုပ် ကိုယ်စား မိမိကိုယ်ကိုပေးဆပ်ပြီး ဒုက္ခဝေဒနာကို ခံပေးခဲ့

၎င်းသည် သက်တမ်းရောင်စုံကဲ့သို့ မှောင်မိုက်နေသော ကျွန်ုပ်တို့အတွက် ပေါင်းကူးတံတားဖြစ်သည်။ ကျွန်ုပ်တို့၏ ပူဆွေးနေသော လမ်းခရီးအား မီးတိုင်ကဲ့သို့ ဦးဆောင်လမ်းပြနေသည်။ အိုး .. ၎င်း၏ ကြည်လင်အေးချမ်းသည့် အလင်းရောင်သည်

“ကိုယ့်အဆွေတို့အဖို့ အလို့ငှါ ကိုယ်အသက်ကိုစွန့်ခြင်း မေတ္တာထက်သာ၍ မြတ်သောမေတ္တာသည် အဘယ်သူ၌မျှမရှိ” (ယောဟန်၊ ၁၅း၁၃)။

တောက်ပလာစေမည်။ ထို့ပြင် လွတ်လပ်မှုနှင့် ဘဝသစ်ပင်ကဲ့သို့ ကျွန်ုပ်တို့၏ ဝိညာဉ်များထဲသို့ နက်ရှိုင်းစွာ အမြစ်တွယ်နေမည်ဖြစ်သည်။ ယုံကြည်ခြင်းအားဖြင့် နားလည် သဘော ပေါက်ခဲ့

ယောဟန်တို့ကိုခေါ်၍ “ငါသည် သေလောက်အောင် စိတ်နှလုံး အလွန်ညိုးငယ်ခြင်းရှိ၏၊ ဤအရပ်၌ ငါနဲ့အတူစောင့်နေကြလော့” ဟူ၍ မိန့်ဆိုခဲ့သည် (မဿဲ၊ ၂၆း၃၇-၃၈)။ ယေရှုသည် အနည်းငယ် သွားပြီးလျှင် “ပြပ်ဝပ်၍၊

အကျွန်ုပ်အဘ၊ဤခွက်သည်အကျွန်ုပ်ကို လွန်သွားနိုင်လျှင် လွန်သွားပါစေ သော။ သို့သော်လည်း အကျွန်ုပ် အလို ရှိသည်အတိုင်းမဖြစ်ပါစေနှင့်။ကိုယ်တော် အလိုတော်ရှိသည်အတိုင်း ဖြစ်ပါစေ သောဟုဆုတောင်းတော်မူ၏” (မဿဲ၊၂၆း၃၉)။ သူ့ရှေ့တော်၌ ချထား သည့်ခါးသီးသော ဒုက္ခဆင်းရဲခြင်းဝေဒ နာ ခွက်ဖလားမှာ ထမ်းရွေ့ဖို့ အလွန် လေးလံသည်ကို တွေးမြင်နေရပါသည်။ သူ၏ဝေဒနာသည်အလွန်ပြင်းထန်သော ကြောင့်သူ၏“ချွေးစက်များသည်မြေပေါ် မှာကျသောသွေးစက်များကဲ့သို့” ဖြစ်နေ သည် ( လု ၊ ၂၂း၄၄) ။ သူ့ အဖခမည်း တော်နှင့် စကားပြောသည့် အချိန်တွင် ယေရှုသည် သူ့အဖခမည်းတော်၏ သည်မှာ ၎င်း၏ ကောင်းကင်အသီးကို ကျွန်ုပ်တို့၏ ခြေရင်းသို့ ချပေးနိုင် ပါသည်။ ကျွန်ုပ်တို့၏ နှလုံးသားများနှင့် စိတ်ဝိညာဉ်များကို ထိုအပင်၏ အရိပ် အောက်တွင် နွေးထွေးမှုနှင့် ကြီးထွား လာစေမည်။

အလိုတော်ကို နာခံမည့်အကြောင်း ထပ်၍အတည်ပြုခဲ့သည်။ သူသည် လက်ဝါး ကားတိုင်တော်၌ သေသည့်တိုင်အောင် နာခံခဲ့သည် (ဖိလိပ္ပိ၊ ၂း၈)။

လက်ဝါးကားတိုင်တော်နှင့် ပတ် သတ်၍ ဖော်ပြသည့် အဖြစ်အပျက်များ တွင် ယေရှုသည် စိတ် ဒုက္ခဝေဒနာမျိုးစုံ တွေ့ကြုံခဲ့သည်။ သူအား သူ့တပည့် တော်တပါးမှ သစ္စာဖေါက်ခဲ့ပြီး ကျန် သည့် သူ့တပည့်တော်များလဲ စွန့်ပယ်ခဲ့ ကြသည်။ သူသည် အဖမ်းခံခဲ့ရပြီး ကြိုးဖြင့် ချည်နှောင်ခြင်းခံခဲ့ရပါသည်။ မမှန်သော သက်သေများနှင့် စွတ်စွဲပြီး တရားမျှတမှုမရှိသည့် တရားခွင်တွင် မတရား ချည်နှောင်ခြင်း ခံခဲ့ရသည်။ တရားခွင်၌ လူတို့သည် ယေရှု၏ မျက် နှာတော်အား တံထွေးထွေးခဲ့ကြသည်။

သူ့မျက်နှာကို ဖုံးအုပ်၍ လက်သီးနှင့် ထိုးခဲ့ကြသည်။ သူ့အား ရိုက်နှက်ပြီး သရော်လှောင်ပြောင်ခဲ့ကြသည်။ သူ့အား ရိုက်နှက်ပြီး လက်ဝါးကားတိုင်တော်၌ အသေသတ်ရန် အပ်နှံသော ပိလတ်မင်း ရှေ့တော်မှောက်သို့ ရောက်ခဲ့သည်။ ရောမစစ်သားများသည် ယေရှုအား ရိုက် နှက်ပြီးနောက် သူ၏အနီး၌ စုဝေးပြီး လျှင်သူ့အားလှောင်ပြောင်ခဲ့ကြသည်။ သူ့အား ဝတ်ရုံတော်ကို ဝတ်ဆင်စေပြီး သူ၏ခေါင်းတော်၌ ဆူးရစ် သရဖူကို ဆောင်းစေကာ၊ လက်ယာတော် ဘက်၌ တောင်ဝှေးတော်ကို ကိုင်စေကြသည်။ သူတို့သည် ယေရှု၏ ရှေ့တော် မှောက်၌ ဒူးထောက်ကာ သူ့အားကျီ စယ်ခဲ့ကြ သည်။ သူ၏ဘုရင်ဖြစ်သည်ဆိုသော ပြောဆိုမှုကို လှောင်ရယ်ကြသည်။ သူ့အား တံတွေးထွေးကြပြီး တောင်ဝှေး တော်ကိုယူ၍ အကြိမ်ကြိမ် ရိုက်နှက်ကြ သည်။ ထို့နောက် သူတို့သည် သူ့ဝတ်ရုံ တော်ကို ပြန်လည်ဝတ်ဆင်စေပြီးလျှင် သူ့အား လက်ဝါးကား တိုင်တော်၌ ကွပ်မျက်ရန် ဂေါလ ဂေါသ အရပ်သို့ ဆောင်သွားခဲ့ကြသည်။ သူတို့သည် ထို အရပ်၌ ယေရှုအား လက်ဝါးကားတိုင် တော်၌ ရိုက်ထားကြပြီး သံချွန်များသည် သူ၏လက် နှင့်ခြေတို့ကို ထိုးဖေါက်ခဲ့ သည်။

ထိုအရပ်၌ ရပ်ကြည့်နေသော သူတို့သည် ယေရှုအား ပြက်ရယ်ပြု ခြင်း၊ လှောင်ပြောင်ခြင်းနှင့် ကဲ့ရဲ့ခြင်းများကို ပြုကြသည်။ သူ၏ လက်ယာတော်နှင့် လက်ဝဲတော်ဘက်တွင်ရှိသော သူခိုးများ ပင်လျှင် ယေရှုအား ပြက်ရယ် ပြုခဲ့ ကြသည်။ ထို့နောက်တွင် နေမွန်းတည့် အချိန် ဖြစ်သော်လည်း အမှောင်ထု ကြီးသည် တလောကလုံးကို သုံးနာရီ ကြာ ဖုံးလွှမ်းလေသည်။

ကြိုတင်၍ ယေရှုမိန့်ဆိုခဲ့သည့် အတိုင်း အလွန်ကြောက်မက်ဘွယ် ကောင်းသော ဤအရာ အလုံးစုံတို့သည် ယေရှု၌ အဆိုးရွားဆုံး ဖြစ်ပျက်ခဲ့လေပြီ၊ “ငါတို့အပြစ်များကို ကိုယ်တော်တိုင် သစ်တိုင်မှာ ခံတော်မူပြီ” (၁ပေ၊ ၂း ၂၄)။ ဖရောဖက်ဟေရှာယမှ မှတ်ချက် ပြုခဲ့ သည်မှာ - “သို့သော်လည်း ထိုသူ သည် ငါတို့အနာရောဂါဝေဒနာများကို ယူတင် ဆောင်ရွက်လေ၏။ ဒဏ်ခတ် တော်မူ ခြင်းကိုလည်းကောင်း၊ ဘုရားသခင် ဆုံးမ၍ နှိမ့်ချတော်မူခြင်းကို လည်း ကောင်းခံသောသူ ဖြစ်သည်ဟု ငါတို့ သည် ထင်မှတ်ကြပြီ။ ထိုသူသည် ငါတို့ လွန်ကျူးခြင်း အပြစ်များကြောင့်၊ နာ ကျင်စွာထိုးခြင်း၊ နှိပ်စက်ခြင်းကို ခံရလေ ၏။ ငါတို့၏ ငြိမ်သက်ခြင်းချမ်းသာကို ဖြစ်စေသော ဆုံးမခြင်းသည် သူ့အပေါ် သို့ရောက်၍ သူခံရသော ဒဏ်ချက်တော် အားဖြင့် ငါတို့သည် အနာပျောက်လျှက် ရှိကြ၏။ ငါတို့ရှိသမျှသည် သိုးကဲ့သို့ လမ်းလွဲလျှက် ကိုယ်လမ်းသို့ အသီးသီး လိုက်သွားကြ သည်ဖြစ်၍ထာဝရဘုရား သည် ခပ်သိမ်းသော ငါတို့၏ အပြစ်များ ကို သူ့အပေါ်၌ တင်တော်မူ၏ ထိုသူ သည် ညှဉ်းဆဲခြင်းနှင့် နှိမ့်ချခြင်းကိုခံ၍ နှုတ်ကို မဖွင့်ဘဲနေ၏။ အသေသတ် ခြင်းငှာ သိုးသူငယ်ကဲ့သို့ သူ့ကိုဆောင် သွား၍၊ သိုးသည် အမွေးညှပ်သော သူရှေ့မှာ မမြည် ဘဲနေသကဲ့သို့၊ သူသည် နှုတ်ကိုမဖွင့်ဘဲ နေ၏။ မတရားစွာ စီရင် ခြင်းအားဖြင့် သူ့ကိုထုတ်သွားကြ၏။ အသက်ရှင်သော် သူတို့၏ နေရာမှ သူ့ကို သုတ်သင်ပယ် ရှင်းသည်ဖြစ်၍ သူ၏ အမျိုးအနွယ်ကို အဘယ်သူပြဿနာ မည် နည်း။ ငါ၏ လူမျိုးအပြစ်ကြောင့် ဒဏ် ခတ်တော်မူခြင်းကို ခံလေ၏။ ပြစ်မှား ခြင်းကိုမပြု၊ သူ၏နှုတ်၌ မုသာမရှိသော် လည်း၊ လူဆိုးတို့နှင့် အတူ မြေမြှုပ်ခြင်းငှာ စီရင်ကြ၏။ သို့ရာတွင်သေပြီးမှ သူဌေး၌ ရှိ၏။ ထာဝရဘုရားသည် သူ့ကိုနှိပ် စက်ခြင်းငှာ အလိုတော်ရှိ၍ နာစေတော်

မူ၏။ သူသည် အပြစ်ဖြေသော ယဇ်ကို ပူဇော်ပြီးမှ၊ အမျိုးအနွယ်တော်ကို မြင်ရလိမ့်မည်။ အသက်တော်လည်း ရှည်လိမ့်မည်။ ထာဝရဘုရား၏ အကြံတော်သည်လည်း သူ၏လက်၌ ပြည့်စုံခြင်းသို့ ရောက်လိမ့်မည်။ မိမိ စိတ်ဝိညာဉ်ခံရသော ဝေဒနာ၏အကျိုးကို မိမိမြင်၍ အားရလိမ့်မည်။ ထိုဖြောင့်မတ်သော ငါ၏ကျွန်ကို သိကျွမ်းခြင်းအားဖြင့်၊ သူသည် အများသောသူတို့ကို ဖြောင့်မတ်ရာ၌ တည်စေလိမ့်မည်။ သူတို့ ၏အပြစ်ကို ကိုယ်တိုင်ဆောင်ရွက်ရ၏ ထိုသို့ မိမိအသက်ကို သေခြင်း၌သွန်း၍၊ မတရားသော သူတို့နှင့် ရေတွက်ဝင်ခြင်းသို့ ရောက်သဖြင့်၊ လူများတို့၏ အပြစ်ကို ဆောင်ရွက်၍၊ မတရားသော သူတို့ အဘို့ တောင်းပန်သောကြောင့်၊ လူကြီး တို့ကို သူ၏အဖို့ဖြစ်စေခြင်းငှာ ငါခွဲ မည်။ အစွမ်းသတ္တိ ရှိသော သူတို့ကို သူ၏ လက်ရဥစ္စာကဲ့သို့ကိုယ်တိုင် ဝေဖန် ရသော အခွင့်ရှိလိမ့်မည်" ဟူ၍ဖြစ် သည်။ ယေရှုသည် "ငါတို့အတွက်ကြောင့် ကျိန်ခြင်းကို ခံတော်မူ၏. (သစ်တိုင်၌ ဆွဲထားခြင်းကို ခံရသော သူတိုင်း ကျိန်ခြင်းကို ခံရသောသူဖြစ် သည်ဟု ကျမ်းစာ လာသည်နှင့်အညီ )" (ဂလာ၊ ၃း၁၃)။ ဘုရားသခင်သည် "အပြစ်နှင့် ကင်းစင်သောသူကို ငါတို့ အတွက်ကြောင့် အပြစ်ရှိသောသူ ဖြစ် စေတော်မူ၏" (၂ ကော၊ ၅း၂၁)။ ယေရှု သည် ကျွန်ုပ်တို့၏ အပြစ်ကို မိမိကိုယ် ပေါ်သို့ ယူဆောင်သွားပြီး လေးလံသော အပြစ်၏အကျိုးဆက်နှင့် သူ့အဖခမည်းတော်နဲ့ ဝေးကွာခြင်းစသည့် ဒုက္ခဆင်းရဲကို ခံစားခဲ့ရပါသည်။ သူသည် ကျယ် သောအသံနှင့် ဟစ်ကြွေးပြီး "အကျွန်ုပ် ဘုရား အကျွန်ုပ်ဘုရား အဘယ်ကြောင့် အကျွန်ုပ် ကိုစွန့်ပစ်တော်မူသနည်း"

(မဿဲ၊ ၂၇း၄၆)။ ထို့နောက် သူသည် "အိုအဖ၊ ကိုယ်တော်၏ လက်တော်သို့ အကျွန်ုပ်၏ ဝိညာဉ်ကို အပ်နှံပါ၏" ဟူ၍ မြွက်ဆိုအပြီး သူသည် အသက် ချုပ်တော်မူသည်" (လု၊ ၂၃း၄၆)။

## အဘယ်ကြောင့် ဤကဲ့သို့သော ကြီးသောယဇ်ပူဇော်ခြင်း လိုအပ်သနည်း။

ယေရှုသည် အဘယ့်ကြောင့် လက်ဝါးကားတိုင်တော်တွင် ဒုက္ခဆင်းရဲခြင်းကို ခံစားပြီး မိမိအသက်ကို ပူဇော်ပသဖို့ရန် ဆန္ဒရှိသနည်း။ ကောင်းကင်ဘုံရှင် အဘခမည်းတော်သည် ထိုကဲ့သို့သော တန်ဘိုးကို ပေးဆပ်ရန် ယေရှုကို စေလွှတ်ဖို့ဆန္ဒရှိသနည်း။ အဖခမည်းတော်နှင့် သားတော်သည် အံ့ဘွယ်ကောင်းသည့် အကြောင်းများအတွက် အလို့ငှာ ကြီးသော ဤယဇ်ပူဇော်မှုကိုပြုခြင်း ဖြစ်သည်။ လက်ဝါးကားတိုင်တော်အားဖြင့် သူတို့သည် အပြစ်ခွင့်လွှတ်ခြင်း (မဿဲ၊ ၂၆း၂၈၊ ဟေဗြဲ၊ ၉း၂၂၊၂၈)၊ ရွေးနှုတ်ခြင်း (ဖေက်၊ ၁း၇၊ ၁ပေ၊ ၁း၁၈-၁၉၊ ဗျာ၊၅း၉)၊ ဖြောင့်မတ်ခြင်း (ရောမ၊ ၅း ၉)၊ ငြိမ်သက်ခြင်းနှင့် ကြားဝင်ဖျန်ဖြေခြင်း (ဟေရှာ၊ ၅၃း၅၊ ရောမ၊ ၅း၁၀၊ ကော၊ ၁း၂၀၊ ၁ပေ၊ ၃း၁၈)၊ အပြစ်၏တန်ခိုးနှင့် ဒုစရိုက်မှ လွှတ်မြောက်ခြင်း (ရောမ၊ ၆း၅-၇၊ ဟေဗြဲ၊ ၉း၁၄-၁၅)၊ သေခြင်းတရားကို ကြောက်ရွံ့ခြင်းမှ လွှတ်မြောက်ခြင်း (ဟေဗြဲ၊ ၂း၁၄-၁၅)၊ အနာရောဂါငြိမ်း ခြင်း (ဟေရှာ၊ ၅၃း၅)၊ သန့်ရှင်းခြင်း (ဟေဗြဲ၊ ၁၃း၁၂) နှင့် သခင်ယေရှုခရစ် ၌ရှိသော ထာဝရအသက် (ယောဟန်၊ ၃း၁၆၊ ၁သက်၊ ၅း၁၀) များကို ရရှိကြသည်။ သို့သော် လက်ဝါးကားတိုင်တော်၏ အခြေခံ အကြောင်းတရားနှင့် အခြားအရာများ၏ အခြေခံအုတ်မြစ်သည် သခင်ဘုရားသည် ကျွန်ုပ်တို့အား ချစ်သည်ဆိုသော အံ့ဘွယ်သမ္မာတရားပင် ဖြစ်သည်။သူသည်ကျွန်ုပ်တို့အား ချစ်နေပါသည်။ လက်ဝါးကားတိုင်တော် တရားသည် အခြားအရာအားလုံးထက် ဘုရားသခင်သည် သင်နှင့် ကျွန်ုပ်ကို ချစ်တော်မူသည်ဆိုသော သတင်းစကား ပင်ဖြစ်သည်။ အောက်ပါကျမ်းချက်များကို အလွတ်ကျက်မှတ်ပါ...

"ဘုရားသခင်၏ သားတော်ကို ယုံကြည်သောသူ အပေါင်းတို့သည် ပျက်စီးခြင်းသို့မရောက်၊ထာဝရအသက်ကိုရ စေခြင်းငှာ၊ ဘုရားသခင်သည် မိမိ၌ တပါးတည်းသော သားတော်ကို စွန့်တော်မူသည့်တိုင်အောင် လောကီသားတို့ကို ချစ်တော်မူ၏" (ယောဟန်၊ ၃း၁၆)။

"ငါတို့သည် အပြစ်ရှိစဉ်ပင်၊ ခရစ်တော်သည် ငါတို့အတွက်ကြောင့် အသေခံတော်မူသည်ဖြစ်၍၊ ဘုရားသခင် သည် ငါတို့ကို အဘယ်မျှလောက် ချစ်တော်မူသည်ကို ထင်ရှားစွာ ပြတော်မူ၏" (ရောမ၊ ၅း၈)။

"ကိုယ်ခန္ဓာ၌ ယခုငါရှင်အသက်သည် ဘုရားသခင်၏ သားတော်ကို ယုံကြည်ခြင်းအားဖြင့် တည်၏။ သားတော်သည် ငါ့ကိုချစ်၍ ငါ့အဘို့ ကိုယ်ကို စွန့်တော်မူ၏" (ဂလာတိ၊ ၂း၂၀)။ "ကိုယ့်အဆွေအဘို့ အလို့ငှါ ကိုယ်သက်ကို စွန့်ခြင်းမေတ္တာထက် သာ၍မြတ်သော မေတ္တာသည်အဘယ်သူ၌မျှမရှိ" (ယောဟန်၊ ၁၅း၁၃)။

"ခရစ်တော်သည် ငါတို့အဘို့ အလို့ငှါ အသက်တော်ကို စွန့်တော်မူသည့်အရာကို ငါတို့သည် ထောက်၍၊ မေတ္တာတော်ကို သိရကြပြီ" (၁ယော၊ ၃း၁၆)။

"သားတော်အားဖြင့် ငါတို့သည် အသက်ရှင်စေခြင်းငှါ၊ဘုရားသခင်သည် တပါးတည်းသော သားတော်ကို ဤလောကသို့ စေလွှတ်တော်မူသော အရာ၌၊ ငါတို့ကို ချစ်တော်မူသော မေတ္တာသည်ထင်ရှားလျက်ရှိ၏"(၁ယော၊၄း၉)။

"ငါတို့ကိုချစ်၍ မိမိအသွေးနှင့် ငါတို့အပြစ်များကို ဆေးကြောတော်မူ၍" (ဗျာ၊ ၁း၅)။

ကျွန်ုပ်တို့သည် လက်ဝါးကား တိုင်တော်ကို စေ့စေ့မျှော်ကြည့်သော အခါ မိမိတို့အပေါ်ထားရှိသော ဘုရား သခင်၏ တန်ခိုးတော်နှင့်ပြည့်စုံသည့် နက်နဲသော မေတ္တာတော်ကို ရှင်းလင်း စွာ သိရှိ နားလည်ကြသည်။ သူ၏တပါး တည်းသော သားတော်ကို ကျွန်ုပ်တို့၏ ကယ်တင်ခြင်းအဘို့အလို့ငှါ ပေးခြင်း အားဖြင့် ကျွန်ုပ်တို့သည် ခမည်းတော် ဘုရားသခင်၏ မဟာဆုလဒ်တော်ကို လူသား အားလုံးအတွက် ပေးထားသည် ကို မြင်တွေ့ရပါသည်။ ကျွန်ုပ်တို့သည် အပြစ်ခွင့်လွှတ်ခြင်းခံရပြီး ဘုရားသခင် နှင့် မိတ်သဟာရ ပြန်လည်ဖွဲ့နိုင်ရန် ဘုရားသခင်၏ သိုးသငယ်တော်သည် မိမိအသွေး တော်ကို သွန်းလောင်းတော် မူသည်ကို ကျွန်ုပ်တို့ မြင်တွေ့ရပါသည်။ ဓမ္မတေးသီချင်းတစ်ပုဒ်မှ လှပစွာဖေါ် ပြ ထားသည်မှာ - "သူ့အသက်ကို စွန့်တော် မူပြီ။ မည်သည့်အရာ ပေးရအုံးမည် နည်း … အိုး … သူသည် သင်နှင့် ကျွန်ုပ်အား ချစ်လှစွာတကား" ဟူ၍ဖြစ် သည်။

"ယုံကြည်ခြင်းအားဖြင့် ခရစ် တော်သည် သင်တို့၏ စိတ်နှလုံးထဲ၌ ကျိန်းဝပ်တော်မူမည် အကြောင်း၊ ဘုန်း တော်ကြွယ်ဝပြည့်စုံခြင်းနှင့်လျော်ညီစွာ သင်တို့အားပေးတော်မူ၍၊မေတ္တာ၌ စိုက် ပျိုးခြင်း၊ တိုက်မြစ်လည်း ကျတည်ခြင်း

"ငါသည် ထိုသခင်ကိုငင်း၊ သူ၏ တော် ကိုယ်တော်တိုင်နှင့် အမြဲမိတ် သဟာရဖွဲ့ခြင်းဖြစ်သည်။ ရှင်ပေါလုက- "ငါသည် သခင်ယေရှုနှင့် သူ၏ ရှင်ပြန် ထမြောက်ခြင်း တန်ခိုးတော်ကို သိရ မည်"ဟူ၍ဖြစ်သည်။ ယေရှုအား ကနဦး သိပြီးနောက်တွင် သူ၏ ရှင်ပြန်ထ မြောက် တော်မူခြင်းတန်ခိုးကို သိရန် ဖြစ်သည်။ အရာခပ်သိမ်း၏ အသက် သခင်ယေရှုနဲ့ မသက်ဆိုင်သည့် ဩဝါ ဒများ၊ ပညတ်ချက်များနှင့် အသိပညာ များကိုလေ့လာလိုက်စားခြင်းအားသတိ ပြုပါ။ ခရစ်တော်မပါသည့် သွန်သင် ချက် ဩဝါဒများသည် ဟာလာဟင်း လင်း၍ ဘာမျှမရှိသော ခရစ်တော်၏ အုတ်ဂူထက် ဘာမျှမပိုပေ။ ခရစ်တော် ပါရှိသည့်သွန်သင်ချက်ဩဝါဒများသည် ဘုရင်မင်းကြီး စံမြန်းတော်မူသော မြင့် မြတ်သည့် ရာဇပလ္လင်တော် ဖြစ်သည်။ ရှိသဖြင့်၊-သင်တို့သည် သန့်ရှင်းသူ အပေါင်းတို့၏ နည်းတူ၊ အနံ အလျား အနက်အမြင့်တို့ကို ပိုင်းခြား၍ သိခြင်းငှါ ငင်း - ကိုယ်ဉာဏ်နှင့် မသိနိုင်သော ခရစ်တော်၏ မေတ္တာတော်ကို သိနား လည်ခြင်းငှါငင်းသင်တို့သည် တတ်စွမ်း ခရစ်တော်မရှိသည့် ပညတ်ချက်များ သည် အခွင့်အာဏာမဲ့သော အမိန့်များ သာဖြစ်သည်။ သို့သော် ယေရှု၏နှုတ်မှ ထွက်လာသည့် ပညတ်ချက်များသည် လူ့ နှလုံးသားကို နိုးကြားစေ၍ အကျိုး ကြားနာခြင်းအားလုံးကို သင်၏ ကယ် တင်ရှင်အား အမြဲ မျှော်ကြည့်စေပါ။ ဤအရာသည်ဟောပြောသွန်သင်သည့် အခါ အရာအားလုံးကို ခြားနားမှုဖြစ် စေပါသည်။ ဓမ္မအမှုတော်ဆောင်များ သည် ကောင်းသောသွန်သင်ချက် ဩဝါ ဒများကိုသူ့ဖာသာသူ ဝေငှကောင်း ဝေငှ နိုင်ပါသည်။ သို့သော် လုံးလုံးလျားလျား နံ့သာဆီမပါဘဲ ဖြစ်နိုင်ပါသည်။ သို့သော် မင်္ဂလာရှိ သောပုဂ္ဂိုလ်၊ သခင်နှင့် ပတ် သက်၍ ဟောပြောသောသူသည် မည် သည့်အရာကမျှ မပေးနိုင်သည့် ဘိသိပ် တော်ကို ရရှိမည်ဖြစ်သည်။ သန့်ရှင်း သော ဝိညာဉ်တော်အားဖြင့် ခရစ်တော် နိုင်သဖြင့် ဘုရားသခင်၏ ပြည့်စုံတော်မူ ခြင်း ရှိသမျှနှင့်အညီ ပြည့်စုံကြပါမည် အကြောင်း၊ ငါသည် ဆုတောင်းလေ့ရှိ ၏ (ဧဖက်၊ ၃း၁၇-၁၉)။

ကိုယ်တော်တိုင် စစ်မှန်သော သာသနာ ၏ ကယ်တင်ရှင်ဖြစ်သည်။ ကျွန်ုပ် တို့သည် အဓိကအကြောင်းအရာ တစ်ခု အပေါ်၌သာ စွဲမြဲကန့်သတ်ထားရမည်။ ထို့နောက် ရှင်ပြန်ထမြောက်ခြင်း တန်ခိုး နဲ့ ပတ်သတ်ဆက်နွယ်သည့် ကျွန်ုပ်တို့၏ သခင်ယေရှုအား သိကျွမ်းလိုသည့် ပြင်း ပြသည့်ဆန္ဒဖြင့် တမန်တော် တို့နဲ့အတူ တစ်လုံးတစ်ဝတည်း ရှိရမည်။ သခင် ယေရှု၏ ရှင်ပြန်ထမြောက်ခြင်း တန်ခိုး

# သူ့ရှင်ပြန်ထမြောက်ခြင်း၏ဘုန်းတန်ခိုး

## (The Power of His Resurrenction)

**By Charles H. Spurgeon ( 1934 – 1892)**

ရှင်ပြန်ထမြောက်ခြင်းတန်ခိုးကို ငင်းသိ ၏" (ဖိလိ၊ ၃း၁၀)။ အစကနဦးမှ ကျွန်ုပ်သည်သင့်အား သတိပြုစေလို သည်မှာ ရှင်ပေါလု သိလိုသည့် ဆန္ဒအား လုံးမှာ ကျွန်ုပ်တို့၏ သခင်ယေရှု ခရစ် သက်ရောက်မှု ရှိစေပါသည်။ ခရစ်တော် မပါဘဲ သင်သည် ဘာမျှ မတတ်နိုင်ပါ၊ သို့သော် သူ၌ တည်သောအခါ သင်သည် များစွာသောအသီးကို သီးစေမည်ဖြစ် သည်။ သင်၏ ဟောပြောချက်များနှင့် သည် အံ့ဘွယ်တန်ခိုးကို ဖေါ်ပြခြင်း ဖြစ်သည်။ သို့သော် ဤနေရာ၌ ရှင်ပေါ လုသည် ရှင်ပြန်ထမြောက်ခြင်း၌ ထင် ရှားနေသည့် တန်ခိုးတော်သည် ရှင်ပြန် ထမြောက်ခြင်းမှ ထွက်လာသည့် တန်ခိုး

တော် ဖြစ်ကြောင်းအတွေးလွန်နေသည်ဟု ကျွန်ုပ်အနေဖြင့် မထင်မှတ်ပေ။ ၎င်းတန်ခိုးတော်အား"ရှင်ပြန်ထမြောက်ခြင်း၏တန်ခိုးတော်"ဟုလျောက်ပတ်စွာခေါ်ဆိုခဲ့သည်။ တမန်တော် ရှင်ပေါလုသည် ဤကြောင်းအရာကို သဘောပေါက်ပြီး သိရှိနားလည်ရန် ဆန္ဒရှိခဲ့သည်။ ဤအကြောင်း အရာမှာ အလွန်ကျယ်ပြန့်ပါသည်။ ဤကြောင်းအရာအားလုံးအပေါ် ကျွန်ုပ်အနေဖြင့် ခြုံငုံပြီး ခေါင်းစဉ်လေးခုဖြင့် တင်ပြသွားပါမည်။ ကျွန်ုပ်တို့သခင်၏ ရှင်ပြန်ထမြောက်ခြင်း တန်ခိုးတော်သည်သက်သေထူနိုင်သောတန်ခိုးတော်၊ဖြောင့်မတ်ခြင်းတန်ခိုးတော်၊ အသက်ပေးသောတန်ခိုးတော်နှင့် နှစ်သိမ့်ခြင်းကို ပေးနိုင်သည့် တန်ခိုးတော်များဖြစ်သည်။

**၁။ကျွန်ုပ်တို့သခင်၏ ရှင်ပြန်ထမြောက်ခြင်းတန်ခိုးတော်သည် သက်သေထူနိုင်သော တန်ခိုးတော်ဖြစ်သည်။**

ကျွန်ုပ်သည်ဤနေရာတွင်သက်သေထူနိုင်သောတန်ခိုးတော်အား ၎င်း၏မှန်ကန်မှုကို သက်သေပြရန် အထောက်အထားတခုကို သာဓကပြမည့်အရာတခုနဲ့ နှိုင်းယှဉ်ပါမည်။ ကျွန်ုပ်တို့၏သခင်သည် သေခြင်းမှထမြောက်တော်မူခြင်းမှာ သူသည်မေရှိယ ကယ်တင်ရှင်ဖြစ်ကြောင့် သက်သေသာ ဓကတခုပင်ဖြစ်သည်။ထို့ကြောင့် သူသည် သူ့ခမည်းတော်၏ မဟာအမှုတော် အတွက်အလို့ငှါ ကြွလာခဲ့သည်။ ထို့ကြောင့်သူသည် ဘုရားသခင်၏ သားတော်ဖြစ်သည်။ သူနဲ့ပြုသော ယေဟောဝါ ဘုရားသခင်၏ ပဋိညာဉ်တရားသည် ထိုအချိန်မှစ၍ နောင်ကာလ တိုင်အောင် အခိုင်အမာ အတည်ပြုထားသည်။ သူသည် "တန်ခိုးတော်နဲ့တကွ ဘုရားသခင် ၏သားတော်ဖြစ်ကြောင်းကို ပေါ်လွင် ထင်ရှားစေရန် ဘုရားသခင်သည် မဟာတန်ခိုးတော်အားဖြင့် ထိုအရှင်ကို သေခြင်းမှ ထမြောက်စေတော်မူ၏ (ရောမ၊ ၁း၄)။ ထို့ကြောင့် ရှင်ပေါလုသည် အန္တိအုပ်မြို့၌ ရောက်ရှိစဉ်ပြောခဲ့ သည်မှာ - "ဒုတိယ ဆာလံတွင်၊" သင် သည် ငါ၏ သားတော်ဖြစ်၏။ ယနေ့ပင် သင့်အား သားတော်အရာကို ငါပေးပြီ" ဟု ဖော်ပြပါရှိသည်နှင့်အညီ ဘုရားသခင်သည် ယေရှုကို သေခြင်းမှ ရှင်ပြန်ထမြောက်စေတော်မူသဖြင့် ငါတို့ ဘိုးဘေးများအား ထားတော်မူသော ဂတိတော်ကို သူတို့၏ သားမြေးဖြစ်သူ ငါတို့အတွက် အကောင်အထည် ဖေါ် တော်မူပြီ။ ငါတို့သည် ဤ သတင်း ကောင်းကိုသင်တို့အားကြားပြောရန် ဤအရပ်သို့ရောက်ရှိနေကြခြင်းဖြစ်၏" (တမန်၊ ၁၃း၃၂-၃၃)။ ကျွန်ုပ်တို့ သခင်ယေရှု၏ ထမြောက်ခြင်းကို သက်သေထူနေသည့်အတွက်မည်သူကမျှဘုရားဖြစ်ကြောင်းကိုသံသယရှိမည်မဟုတ်ပေ။ထို့ကြောင့် ဤလောက၌ရှိသော သူ၏ သာသနာတော်သည်ထာဝရဘုရားထံတော်မှ လာခြင်းဖြစ်သည်။ ပေတရုနှင့် ယောဟန်တို့က ဤအရာသည် ဘုရားသခင်က သေခြင်းမှ ထမြောက်စေတော်မူသည့် အသက်၏ အရှင်ဖြစ်တော်မူသည်ဟုပြိုင်တူကြွေးကြော်ခဲ့ကြသည်။ ကျွန်ုပ်တို့၏ သခင်ယေရှုသည် ဤထမြောက်ခြင်းကို နိမိတ်လက္ခဏာ တခုကဲ့သို့ ဖာရိရှဲများအားပေးခဲ့သည်။ ထိုနိမိတ်လက္ခဏာမှာ - ယောနသည် နက်နဲရာထဲ၌ သုံးရက်တိုင်အောင် နေခဲ့ပြီး နက်နဲရာထဲမှ ပြန်ထွက်လာသကဲ့သို့ သူကိုယ်တိုင်သည်လည်းမြေကြီးထဲတွင်သုံးရက်ထိတိုင်အောင်ရှိနေပြီး သေခြင်းမှ ထမြောက်ခဲ့သည် ဟူ၍ ဖြစ်သည်။ သူ၏ထမြောက်ခြင်းသည် ဘုရားသခင် စေလွှတ်တော်မူသောသူဖြစ်သည်ကို သက်သေထူစေပါသည်။ထိုတန်ခိုးတော်သည်လည်း သူနဲ့အတူ ရှိတော်မူသည်။ ကျွန်ုပ်တို့၏ သခင်ယေရှုသည် လူအပေါင်းတို့ထက်အရင် ခမည်းတော်နဲ့ ပဋိညာဉ်ဖွဲ့နှင့် တော်မူခဲ့သည်။ ထို့ကြောင့် သူသည် အပြစ်အတွက် ရွေးနှုတ်ခြင်းကို အဆုံးသတ်ရန်နှင့် ယဇ်ပူဇော်ရန်သူ့ဘက်ပိုင်းမှ ပါဝင်ခဲ့ပြီးဖြစ်သည်။ သူသည် ဤအမှုအားပြုခြင်းကို သေခြင်းမှ ရှင်ပြန် ထမြောက်ခြင်းဖြင့် အခိုင်အမာသက်သေထူခဲ့ပြီးဖြစ်သည်။ ရှင်ပြန်ထမြောက်ခြင်းသည် ထာဝရပဋိညာဉ်နဲ့ သက်ဆိုင်သော ဒုတိယအာဒံ၏ လုပ်ဆောင်ချက်အပေါ် ပြည့်စုံစေရန် ခမည်းတော် ဘုရားသခင်၏ ခိုင်မာသည့် အတည်ပြုချက်ဖြစ်သည်။ သူ့အသွေးတော်သည် ထာဝရ ပဋိညာဉ်တရား၏ အသွေးတော်ဖြစ်ပြီး၊ သူ၏ ထမြောက်ခြင်းသည် ထိုအသွေးတော်၏ တံဆိပ်တော်ဖြစ်သည်။"ခရစ်တော်သည်ခမည်းတော်၏ ဘုန်းတော်အားဖြင့် သေခြင်းမှ ထမြောက်တော်မူခဲ့သည်" (ရောမ၊ ၆း၄) သည် ဟူသော ကျမ်းစကားသည် သားတော်၏ ဘုန်းထင်ရှားခြင်းရှိရန် ထာဝရဘုရားသခင်၏ သက်သေကဲ့သို့ ဖြစ်ပေသည်။

ထို့နောက်ခရစ်တော်၏ ရှင်ပြန်ထမြောက်ခြင်းတန်ခိုးကို မျှော်ကြည့်ပါ။ တခါက ယုံကြည်သန့်ရှင်းသူများကို ပေးအပ်သော ယုံကြည်ချက်ဖြင့် မည်သည့်သံသယမှမရှိဘဲ သက်သေထူခဲ့သည်။ မည်သည့်အခါမျှ မမှားယွင်းနိုင်သည့် အထောက်အထားများဖြင့် သက်သေထူပေးခဲ့သည်။ထမြောက်ခြင်းတန်ခိုးသည် အခွင့်အာဏာ၊ တန်ခိုးနှင့် ဘုရားသခင်၏သားတော်-နာဇရက်မြို့သား ယေရှု၏ ဘုန်းတော်၏ မမှားယွင်းနိုင်သည့် သက်သေသာဓကပင်ဖြစ်သည်။ ရဲရင့်စွာ ဇဝေဂေလိဟောပြောသည့် တမန်တော်များ၏ စိတ်နှလုံး သားထဲတွင် တန်ခိုးပါသော သက်သေရှိသည်ကို ကျွန်ုပ်အနေဖြင့် သင်တို့အား သတိပြုစေလိုပါသည်။ ဘုရားသခင် ရွေးကောက်တော်မူသော ဤသက်သေခံများသည် ရှင်ပြန်ထမြောက်ပြီး နောက်ပိုင်းတွင် သခင်ယေရှုအား တွေ့မြင်ခဲ့ကြသည်။ ၎င်းမျက်မြင်သက်သေများထဲမှ တစ်ဦးသည် သခင်ယေရှု၏ ဒဏ်ချက်တော်ကို လက်ချောင်း နှဲ့တို့း၍ စမ်းသပ်ခဲ့ပြီး အခြားသူများမှာ ယေရှုနဲ့အတူ စားသောက်ခဲ့ကြသည်။ သူတို့သည် သူအားမြှုပ်နှံသည့် သင်္ချိုင်းတွင် ရောက်ခဲ့ကြသူများဖြစ်သောကြောင့် ယေရှုသေ

ကြောင်းကို သိခဲ့ကြသည်။ သူတို့ သည် သူစကားပြောနေသည်ကို ကြား၍ ငါးကင် နှင့်ပျားရည် မှီဝဲစားသောက်နေသည်ကို မြင်သောကြောင့် သူပြန်၍ အသက်ရှင်သည်ကို သိခဲ့ကြသည်။ ထိုအချက်များသည်သူတို့အတွက် အံ့ဘွယ်ဖြစ်သည်ကို ရှင်းလင်းလှပေသည်။ ပေတရုနှင့် ကျန်သည့်လူများသည် တွေးတောခြင်းမရှိဘဲ“ ထိုယေရှုကို ဘုရားသခင် ထမြောက်စေတော်မူသည်ကို ငါတို့ရှိသမျှသည် သက်သေခံဖြစ်ကြ၏” (တမန်၊ ၂း၃၂) ဟူ၍ ကြွေးကြော်ခဲ့ကြသည်။ သူတို့သည် ကာရာနီတောင်ကုန်းပေါ်၌ အသေခံခဲ့သည့် လူသားမှာ တဖန်အသက်ရှင်သည်ကို သေချာစွာ တွေ့မြင်ခဲ့ကြသည်။ သူတို့သည် မယုံနိုင်ဖြစ်ကြသော်လည်း သူတို့ကြားခဲ့၊ မြင်ခဲ့သည့်အရာများကို သက်သေခံခဲ့ကြသည်။ ယုံကြည်ခြင်း၏ ရန်သူတော်များသည် ဤသက်သေခံများ၏ ရဲရင့်စွာ ဟောပြောသွန်သင်ခြင်းကို အံ့သြမှင်သက်ခဲ့ကြသည်။ သူတို့သည် ခိုင်မာစွာ သိသည့်အချက်အား သက်သေခံနေကြသည်ကို သူတို့၏ နားလည်သည့် အသံများက သက်သေထူနေပါသည်။ သူတို့တွင် နောက်ခံသမိုင်းနဲ့ ပတ်သတ်၍ ပုန်းကွယ်နေသည့်ဒွိဟဖြစ်စရာ သံသယလုံးဝမရှိပေ။ ယေရှုသည် သေခြင်းမှ ထမြောက်တော်မူခဲ့သည်ကို လုံးဝယုံကြည်နေကြသည်။ မေးခွန်းထုတ်၍ မရနိုင်သည့် ဤသေချာမှုကြောင့် ယေရှုသည်အမှန်စင်စစ်မေရှိယသခင်၊လူသားများ၏ ကယ်တင်ရှင်ဖြစ်ကြောင်းကို ယုံကြည်စိတ်ချခဲ့ကြသည်။

သူတို့သည်သေသည့်တိုင်အောင် ဆန့်ကျင်ကန့်ကွက်မှုများနှင့် ညှင်းပန်းနှိပ်စက်မှုများကို တင်းခံခဲ့ကြသည်မှာ အံ့သြစရာမဟုတ်တော့ပေ။ သူတို့သည် အလွန်သေချာနေသည် အရာတစ်ခုကို မည်ကဲ့သို့ မယုံကြည်နိုင်ဘဲ ရှိမည်နည်း။ သူတို့လုပ်ဖော်ဆောင်ဖက်များ၏အရေးပါသော ပန်းတိုင်နဲ့ပတ် သက်သည့် အချက်အားသက်သေထူခြင်းမှရုပ်သိမ်းရန် မည်ကဲ့သို့ တတ်နိုင်မည်နည်း။ သူတို့နှင့် သူတို့၏ လုပ်ဖော်ဆောင်ဖက်များသည်မည်သည့်အခါတွင်မျှ သံသယမပွါးကြပါ။ သူတို့သည် ဘုရားသခင်၏ သမ္မာတရားကို သက်သေထူနိုင်ဖို့ “မိမိတို့၏အသက်ကိုပင် မနှမြောကြပေ”။ သူတို့သည် အရာခပ်သိမ်း ဆုံးရှုံးမှုကို ခံစားခဲ့ကြသည်။ နှင်ထုတ်ခံရခြင်းနှင့် အရာအားလုံးကို ငြင်းဆန်သကဲ့သို့ သဘောထားကြသည်။ သို့သော် သူတို့၏ ယုံကြည်ခြင်းကို မစွန့်လွှတ်နိုင်သလို၊ မည်သည့်အခါ အတွင်းမျှ ငြင်းပယ်မည်မဟုတ်ပေ။ သူတို့ကို လက်ဝါးကားတိုင်ပေါ်တွင် သံချွန်နှဲ့ရိုက်၍ ကွပ်မျက်ခဲ့ကြသည်။ သစ်တိုင်ပေါ်တွင် မီးရှို့ပြီး ကွပ်မျက်ခဲ့ကြသည်။ သို့သော်လည်း သူတို့၏ ယုံကြည်ခြင်းသည် မည်သည့် အခါမျှ မတုန်လှုပ်ပေ။ ရာစုနှစ်များစွာ တလျောက်တွင် လက်လှန်းမီသည့် မာတုရ အသေခံသောသူများ၏ အခင်းအကျင်းများကို ကြည့်ပါ။ သူတို့အားလုံးသည် ဧဝံဂေလိ သတင်းစကားကို ယုံကြည်စိတ်ချကြသည်။ ထိုသို့ စိတ်ချသည်မှာ မိမိတို့သခင်ယေရှု၏ ထာဝရအသက်ကို ယုံကြည်ခဲ့ကြသောကြောင့် ဖြစ်သည်။

ထို့ကြောင့် ကျွန်ုပ်တို့ သခင်ယေရှုခရစ်တော်၏ ရှင်ပြန်ထမြောက်ခြင်းတန်ခိုးတွင် သက်သေထူနိုင်သောတန်ခိုးကိုရှိသည်ကို သင်တွေ့မြင်ပေမည်။ ထိုတန်ခိုးတော်ကို သင်ယခု ခံစားနိုင်ရန် အကျွန်ုပ် ဆုတောင်းပေးနေပါသည်။ သင့်တွင်အားကြီး၍ သန့်ရှင်းသော ယုံကြည်စိတ်ချမှု မရှိနိုင်ပေ။ သင့်သည် လွန်ကဲသော ယုံကြည်စိတ်ချသူလည်း မဖြစ်နိုင်ပေ။ သင့်အတွက် လက်ဝါးကား တိုင်တော်၌ အသေခံသော သူသည် အသက်ရှင်ပြီး အပြစ်သားများအတွက် ကိုယ်စားဖျန်ဖြေပေးနေပါသည်။ ထိုအရာကို ယုံကြည်စိတ်ချပြီး ရှင်းလင်းစွာ နားလည်သဘောပေါက်ပါ။ ထို့နောက် သင့် နှလုံးသားသည် ငြိမ်းချမ်းမှုကို ခံစားပြီး ယေရှုခရစ်တော်၏ နာမ၌ သက်သေခံရန် ရဲရင့်လာမည် ဖြစ်သည်။ ရှင်ပြန်ထမြောက်ခြင်းသည် သူတို့၏ အသက်တာ၌ မွေးဖွါးလာသည့်အခါ မိမိတို့၏ ရွေးနှုတ် ကယ်တင်သူ၏ သာသနာနှင့် တန်ခိုးတော်သက်သေသည် လျှံထွက်လာပြီးမွေးရာပါကြောက်တတ် သောသူသည် ခြင်္သေ့ကဲ့သို့ ရဲရင့်လာမည် ဖြစ်သည်။

**၂။ ကျွန်ုပ်တို့သည် သူ၏ ရှင်ပြန်ထမြောက်ခြင်းနဲ့ သက်ဆိုင်သည့် ဖြောင့်မတ်ခြင်း တန်ခိုးတော်ပေါ်တွင် နေထိုင်ပါမည်။**

ယေရှုခရစ်တော်သည် ကျွန်ုပ်တို့၏ ကိုယ်စားအသေခံပေး သူဖြစ်သည်။ သူသည် ပညတ်တရားကို ပြည့်စုံစေရန် ဤလောကသို့ ကြွလာခဲ့ပြီး မိမိကိုယ်ကိုယဇ်ပူဇော်ခြင်းအားဖြင့် အောင်မြင်မှုကို ရရှိခဲ့သည်။ သူသည် သေပြီးမြှုပ်နှံခြင်းခံရကာသေခြင်းမှ ထမြောက်ခဲ့သူဖြစ်သည်။ သူသည်သေခြင်း တရားကို အဆုံးထိ ရင်ဆိုင်ခဲ့သောကြောင့် နောက်ထပ် လုပ်ဆောင်စရာ အမှုမရှိတော့ပေ။ ခရစ်တော်၌ ညီအစ်ကိုမောင်နှမများ ဤအကြောင်းအရာကို ဆင်ခြင်၍ သင်တို့၏ နှလုံးသားကို ဝမ်းမြောက်ခြင်းနဲ့ ပြည့်စေပါ။ ပညတ်တရားကို ချိုးဖေါက်ခြင်းကြောင့် သင့်အပေါ်သို့ ကျရောက်လာသည့် အပြစ်တရားစီရင်ခြင်းသည် ကြေအေးပြီးဖြစ်သည်။ ထိုအရာသည် သင်လက်ခံရရှိသည့်အရာပင်ဖြစ်သည်။ သေခြင်းမှ ထမြောက်တော်မူသောသခင်၏ သခင်ကို မျှော်ကြည့်လိုက်ပါ။ ထိုသခင်သည် လက်ဝါးကားတိုင်ပေါ်တွင် “အမှုပြီးပြီ” ဟူ၍ ကြွေးကြော်ခဲ့သည်။ သူ့စကားသည်အမှန်ပင်ဖြစ်ပါသည်။ခမည်းတော်သည် သူ၏ကြွေးကြော်သံကို မှန်ကန်သည်ဟု အတည်ပြုပြီး သူ့ကို သေခြင်း မှ ထမြောက်စေတော်မူခဲ့သည်။ ထို့နည်းတူ အိုသစ္စာရှိသောသူ အနိုင်းမဲ့စုံလင်သော ဖြောင့်မတ်ခြင်းဝတ်လုံတော်ကို ဝတ်ဆင်တော်မူပါ။ ထိုဝတ်လုံတော်ကို ဝတ်ဆင်ပြီး ဝမ်းမြောက်ပါ။ ယေရှုခရစ်တော်၌ သင်သည်ခပ်သိမ်းသော အရာထဲမှဖြောင့်မတ်သည်ကို သတိရ အောက်မေ့ပါ။ ဘုရားသခင်၏ မျက်

မှောက်တော်တွင် သင်သည် ပညတ်တရားအလုံးစုံကို ကျင့်ပြီးသကဲ့သို့ ဖြောင့်မတ်သောသူဖြစ်သည်။ ယခုတွင် သင်သည် ခရစ်တော်အားဖြင့် ဖြောင့်မတ် ခြင်းသို့ရောက်ပြီ "ပညတ်တရား၏ အဆုံးဖြစ်သော ခရစ်တော်အားဖြင့် ယုံကြည်သောသူ အပေါင်းတို့သည် ဖြောင့်မတ်ရာသို့ ရောက်ကြ၏" (ရောမ၊ ၁၀း ၄)။ "ထို့ကြောင့် ငါတို့သည် ယုံကြည်ခြင်းရှိ ၍ ဖြောင့်မတ်ရာသို့ ရောက်လျှင် ငါတို့သခင်ယေရှုခရစ်အားဖြင့် ဘုရားသခင်ရှေ့တော်၌ ငြိမ်သက်ခြင်းကို ခံစားကြ၏" (ရောမ၊ ၅း ၁)။

အို့ ... ကျွန်ုပ်တို့သည် ယေရှုခရစ်တော်အား သေခြင်းမှ ထမြောက်တော်မူခြင်းကို မြင်ဘိသကဲ့သို့ ဘုရားသခင် ၏ ငြိမ်သက်ခြင်းကဲ့သို့သော ထိုငြိမ်းချမ်းခြင်းသည် ကျွန်ုပ်တို့၏ နှလုံးသားများထဲသို့ စီးဆင်းလာမည်ဖြစ်သည်။ သူ၏ရှင်ပြန်ထမြောက်ခြင်းသည်ကျွန်ုပ်တို့အား အပြစ်ခွင့်လွှတ်ခြင်းနှင့် ဖြောင့်မတ်ခြင်းကို သက်သေထူပေးသည် သာမကဘဲ ကျွန်ုပ်တို့အား လက်ခံသည်ကိုလည်း သက်သေထူပေးပါသည်။ "ဘုရားသခင်သည် ချစ်တော်မူသော သားတော်အား ဖြင့် ငါတို့အားလက်ခံတော်မူ၏" (ဖေက်၊ ၁း၆)။ သင်တို့သည် ဤအချက်အားဖြင့် ရှင်ပြန်ထမြောက်ခြင်းတန်ခိုးကို ခံစားပြီး ဘုရားသခင်သည် သင့်အားလက်ခံခြင်း၊ အလွန်ချစ်ခြင်းနှင့် မြတ်နိုးတော်မူသည်ကို သင်သည် သိရှိနားလည်လာပါမည်။ သင့်အား အာမခံသည့် အပြစ်ခွင့်လွှတ်ခြင်း၊ ဖြောင့်မတ်ခြင်း နှင့် လက်ခံတော်မူခြင်းတို့ကို သင်မြင်တွေ့သည့်အခါ ရှင်ပြန်ထမြောက်ခြင်းသည် သင့်နှလုံးသားကို ကခုန်ခြင်း ဖြစ်စေတော်မူမည်။ အို့ .. သန့်ရှင်းသော ဝိညာဉ်တော်သည် ခရစ်တော်၏ ရှင်ပြန်ထမြောက်ခြင်းနဲ့ သက်ဆိုင်သည့် အရာများကို ယူဆောင်ပြီး ဖြောင့်မတ်ခြင်းတန်ခိုးတော်နှင့် ကျွန်ုပ်တို့ အဖို့၌ အသုံး ပြုတော်မူမည်။

**၃။ ခရစ်တော်၏ ရှင်ပြန်ထမြောက်တော်မူခြင်းနဲ့ဆိုင်သော အသက်ရှင်ခြင်းကိုပေးသည့် တန်ခိုးတော်ကို သတိမူကြစို့။**

ကျွန်ုပ်တို့၏ သခင်ယေရှု၌ အသက်တော်ရှိသည်ကိုမိမိတို့ နားလည်သဘောပေါက်သည့်အခါ ဤအရာကို မြင်တွေ့ပါလိမ့်မည်။ "ငါသည် ရှင်ပြန်ထမြောက်ခြင်းဖြစ်၏၊ အသက်လည်းဖြစ်၏" ဟူ၍ မိန့်တော်မူသည်ကို သတိပြုပါ (ယောဟန်၊ ၁၁း၂၅)။ ခရစ်တော်နှင့်အသက်သည် နှစ်မျိုးစီ သက်သက်မဟုတ်ပေ။ သင်၌ ယေရှုခရစ်တော်ရှိလျှင် သင်၌ ရှင်ပြန်ထမြောက်ခြင်းလည်းရှိပြီးဖြစ်သည်။ ရှင်ပြန်ထမြောက်ခြင်းနှင့် အသက်ရှင်သော သူ၌ မည်သည့် တန်ခိုးတော်ရှိသည်ကို သင်သိပြီးဖြစ်မည်။ ခရစ်တော်၌ရှိသည့် တန်ခိုးအားလုံးသည် သူ့လူမျိုးတော်အတွက် ဖြစ် သည်။ "သားတော်၌ ကျိန်းဝပ်သည့် ခပ်သိမ်းသော ပြည့်စုံခြင်းကို ဘုရားသခင်နှစ်သက်တော်မူ၏"(ကော၊၁း၁၉)" ထိုသူ၏ ပြည့်စုံခြင်းမှလည်း ကျေးဇူးတပါး၌ ထပ်ဆင့်၍ ကျေးဇူးတပါးကို ငါတို့ရှိသမျှသည် ခံရကြပြီ (ယောဟန်၊ ၁း ၁၆)။ ခရစ်တော်၌ အသက်တော်ရှိပြီး ထိုအသက်တော်အား မိမိ၏ ကိုယ်အင်္ဂါတော်အသီးသီး (အသင်းတော်) အား စီးဆင်းစေသည်။ ထို့ကြောင့် "ငါအသက်ရှင် သောကြောင့် သင်တို့လည်း အသက်ရှင်လိမ့်မည်" ဟု မိန့်တော်မူခဲ့သည် (ယော၊ ၁၄း ၁၉)။ ထို့နည်းတူ ယုံကြည်သူတစ်ဦးအနေဖြင့် ယနေ့သင်ရရှိသည့် အောင်မြင်ခြင်းသည် သင်၏ ပဋိညာဉ်ဦးခေါင်း ဖြစ်တော်မူသော ပုဂ္ဂိုလ်၌ နဂိုရှိနှင့်ပြီးသောအရာပင် ဖြစ်သည်။

မည်သည့်အချိန်၌မဆို ပေးထားသည့် အသက်သည်အသစ်သော အသက်တာ ဖြစ်သည်။ ကျွန်ုပ်တို့သည် ယေရှုအား ယုံကြည်သည့်အခါ သာ၍မြင့်သည့် အခြေအနေသို့ ရောက်ရှိခြင်းဖြစ်သည်။ ဝိညာဉ်ရေးရာအသက်တာသည် ဇာတိပကတိ အသက်တာနဲ့ မည်သို့မျှ မသက်ဆိုင်ပေ။ ထိုအရာသည် နေရာတခုမှ တခြားဦးတည်ချက်ဖြင့် သွားနေခြင်းဖြစ်သည်။ အသက်တာဟောင်းသည်မြေကြီးမှလာသော ပထမအာဒံ၏ အသက်တာပုံရိပ်ကို ထင်ဟပ်စေပါသည်။ ဒုတိယအသက်တာသည် ကောင်းကင်မှလာသော ဒုတိယ အာဒံ၏ ပုံရိပ်ကို ထပ်ဟပ်စေပါသည်။ ကျွန်ုပ်တို့သည် အသက်တာဟောင်း၌ ဆက်၍ အသက်ရှင်သည့်အခါ သေခြင်းတရားအောက်၌ အသက်ရှင် ခြင်းဖြစ်ပါသည်။ ဘုရား သခင်ပေးတော်မူသော အသက်တာ သစ်သည် စစ်မှန်သော အသက်တာဖြစ်သည်။ ထိုအသက်သည် လူသစ်၏ အစိတ်အပိုင်းဖြစ်ပြီး ကောင်းကင်ဘုံဘုရားသခင်ထံတော်သို့ ကျွန်ုပ်တို့အား ဆက်သွယ်ပေးသည်။ ကျွန်ုပ်သည် ဤအချက်နဲ့ ပတ်သတ်၍ အသက်တာဟောင်းနဲ့ အလွန်ဆန့်ကျင်ဘက်ဖြစ်သည်ဟု ပြောဆိုရပါမည်။ ဘုရားသခင်၏ ကျေးဇူးတော်အားဖြင့် ဆိုးသောအသက်တာသည် သာ၍ မြင့်သောအသက်တာသို့ မရောက်ရှိနိုင်ပေ။ အံ့ဘွယ် အသက်တာသည် အသစ် မွေးဖွါးခြင်းအားဖြင့် လုပ်ဆောင်သည့်ပြောင်းလဲမှုဖြစ်သည်။ အတိတ်က သင့် တွင်ရှိသည့် အသိပညာသည် ဖယ်ရှားခံရပြီး သာ၍ မြင့်သောနေရာသို့ ရောက်ရှိစေခဲ့ပါသည်။ တချိန်တည်းတွင် ဝိညာဉ်ရေးရာနဲ့ဆိုင်သော အသစ်သော အသိပညာကိုပေးအပ်ပြီး နှလုံးသားသစ်နှင့်မှန်သော စိတ်ဝိညာဉ်ကို သင့်အထဲ၌ ထည့်ပေးမည်ဖြစ်သည်။ သေခြင်းမှ ထမြောက်တော်မူသော ခရစ်တော်သည် ကျွန်ုပ်တို့အား ဘဝသစ်တစ်ခုလုံးအား ပေးနိုင်ကြောင့်မှာအံ့ဘွယ်ပင်ဖြစ်သည်။ ဤအရာနဲ့ပတ်သတ်၍သင်သည် ရှင်ပြန်ထမြောက်ခြင်းတန်ခိုးကို သိရှိနားလည်ပါ။

**၄။ ခရစ်တော်၏ ရှင်ပြန်ထမြောက်ခြင်းနဲ့ သက်ဆိုင်သော နှစ်သိမ့်ခြင်းတန်ခိုး**

ဤနှစ်သိမ့်ခြင်းတန်ခိုးကို သွားနှင့်ပြီဖြစ်သော ယုံကြည်သန့်ရှင်းသူများအားလုံး ခံစားခဲ့ကြပါ သည်။ ဤနေရာ၌ ကျွန်ုပ်တို့အတွက် နှစ်သိမ့်မှုမှာ - "ကျွန်ုပ်တို့၏ သခင်ယေရှုသည် ရှင်ပြန်ထမြောက်တော်မူသည့်အတိုင်း သူ့နောက်လိုက်များ အားလုံးသည်လည်း ရှင်ပြန်ထမြောက်ကြရပါမည်" ဟူ၍ဖြစ်သည်။ သူသည် သေသောသူတို့တွင် အဦးသီးသော အသီးဖြစ်သည်။ သင်္ချိုင်းဂူများသည် ပြည့်ကျပ်နေပါသည်။ တန်ဖိုးရှိသော မြေမှုန့်များသည် အတူတကွ

စုပြုံနေကြပါသည်။ သို့သော် ယေရှုသည် ယောသပ်၏ သင်္ချိုင်းဂူထဲမှ ရှင်ပြန်ထမြောက်သကဲ့သို့ ခရစ်တော်၌မျှသာဖြစ်သည်။ "ခြင်္သေ့လှောင်အိမ်ထဲသို့ ပစ်ချခြင်းခံခဲ့ရသည့် ခရစ်ယာန်ယုံကြည်သူများ" ၏ အော်ဟစ်သံသည်ကိုမသိကြပါ။ အပြင်သဏ္ဍာန်အစဉ် အလာကို ဦးစားပေးအသက်ရှင်သည့် ခရစ်ယာန် များစွာရှိပါသည်။ သို့သော် သူတို့

# ခရစ်တော်၏လက်ဝါးကားတိုင်တော်အား ကူထမ်းခြင်း – သူ့အသက်တာကိုမျှဝေခံစားခြင်း

## ( Share Christ's Cross – Share His Life )

**By F.J. Huegel ( 1889 – 1971)**

သေသော သူတို့သည်လည်း အားလုံးထမြောက်ကြပါမည်။ ကျွန်ုပ်တို့သည် မျှော်လင့်ချက်မရှိသောသူတို့ကဲ့သို့ ဝမ်းနည်းရမည်မဟုတ်ပေ။ ကျွန်ုပ်တို့သည် ဘုရားသခင်ကို ကြောက်ရွံ့ ယုံကြည်သူများ၏ ဝိညာဉ်များ မည်သည့်နေရာသို့ ရောက်ရှိနေသည်ကို သိကြပါသည်။ ထိုဝိညာဉ်တို့သည် "ယေရှု ခရစ်တော်နဲ့အတူ ထာဝရရှိတော်မူ" ပြီဖြစ်သည်။ သူတို့၏ ခန္ဓာကိုယ်များ မည်သည့်နေရာ၌ ရှိနေသည်ကိုလည်း ကျွန်ုပ်သိကြပါသည်။ သေသောသူတို့အား ကျယ်လောင်စွာ တံပိုးမှုတ်သံ ပေးသည့်အခါ သင်္ချိုင်းဂူများသည် သူတို့၌ရှိသော လူသေအလောင်းများကို အပ်နှံကြ လိမ့်မည်။ အလွန်ချိုသော နှစ်သိမ့်ခြင်းသည် ဘာမျှမရှိတော့သည့် ခရစ်တော်အား မြှုပ်နှံရာ သင်္ချိုင်းဂူထဲမှ လာပါသည်။ "ဘုရား သခင်သည် မိမိ၏တန်ခိုးတော်အားဖြင့် သခင်ယေရှုအား ရှင်ပြန်ထမြောက်စေတော်မူသည် နည်းတူ ကျွန်ုပ်တို့အားလည်း ထမြောက်စေတော်မူမည်" (၁ကော၊ ၆း၁၄)။

ဤသမ္မာတရားသည် ညှင်းပန်းနှိပ်စက်ခြင်းခံခဲ့ရသောယုံကြည်သန့်ရှင်းသူများအား နှစ်သိမ့်မှုကို ပေးနိုင်ခဲ့သည်။ ရှင်ပေါလု၏အချိန်ကာလများတွင် ခရစ်ယာန်တစ်ဦး ဖြစ်ရသည်မှာ အလွန်ကြောက်စရာကောင်းလှသည်။ အကျဉ်းချခံရခြင်းသည်ပင် သူတို့၏ အပေါ့ပါးဆုံးပြစ်ဒဏ်တခုသာ ဖြစ်သည်။ ရိုက်နှက်ခြင်းနှင့် ညှင်းပန်းနှိပ်စက်ခြင်းများသည် သူတို့ခံရသည့် ဆုလာဒ်များအမိုးမဲ့ ပွဲကြည့်စင်ဝိုင်းပေါ်မှ ကြားနေရသည်။ ဘုရားသခင်၏ ယုံကြည်သန့်ရှင်းသူများကို ခေါင်းမှခြေတိုင်အောင် ရိုက်နှက်ခြင်း၊ မီးရှို့ခြင်းများ မပြုလျှင်မည်သည့်အရာကမျှ လူတို့အား ပို၍ပျော်ရွှင်မှုကို မပေးနိုင်ပေ။ ထိုအရာများသည် ရောမလူမျိုးတို့၏ ရက်စက်ကြမ်းကြုတ်သော ပျော်ရွှင်စရာများသာ ဖြစ်သည်။ ဤတွင်သန့်ရှင်းသူများ၏ ကျောရိုး ဟုခေါ်ရမည့် နှစ်သိမ့်ခြင်းရှိပါသည်။ ၎င်းမှာ သူတို့သည် ရှင်ပြန်ထမြောက် ပြီး ခရစ်တော်၏ ဘုန်းတော်ကို မျှဝေခံစားကြမည်။ သူတို့သည် ခြင်္သေ့ ခံတွင်းကြားက အသက်ရှင်သော သင်္ချိုင်းဂူ၌တွေ့ကြသော်လည်းဖျက်ဆီး ခြင်းခံရကြမည် မဟုတ်တော့ပေ။ လက်ဝါးကားတိုင်တော်၌ အသတ်ခံ ခဲ့ရသည့် သူတို့ယုံကြည် ကိုးစားခဲ့ကြ သောယေရှုပြန်လည်ထမြောက်သကဲ့သို့ သေနေသော ထိုခန္ဓာကိုယ်သည်လည်း ပြန်လည်ထမြောက်လာမည်ဖြစ်သည်။

## ရှင်ပြန်ထမြောက်ခြင်းကို လက်တွေ့ခံစားခြင်း

ကျွန်ုပ်သည်သင်တို့အား ရှင်ပြန်ထမြောက်ခြင်းတန်ခိုးကို ခံစားစေလိုသည့် ဆန္ဒရှိသည်။ ဘုရားသခင်အား ကြောက်ရွံ့ခြင်းနဲ့သက်ဆိုင်သော စကားစုများကိုသိသော အလွန်တော်သည့် ခရစ်ယာန်များစွာ ရှိပါသည်။ သို့သော် ဘုရားသခင်အားကြောက်ရွံ့ခြင်းတန်ခိုးသည် တန်ခိုးတော်အကြောင်းကို မသိကြပါ။ ထိုကဲ့သို့သော ပုဂ္ဂိုလ်များသည် နာမည်ရှိပြီး သေနေသော သူများဖြစ်သည်။ သူတို့တွင် ဘုရားသခင်အား ကြောက်ရွံ့ ခြင်းလက္ခဏာ ရှိကြသော်လည်း တန်ခိုးတော်ကို ငြင်းပယ်ကြသည်။ ညီအစ်ကို မောင်နှမတို့၊ သင်တို့အား ကျွန်ုပ်တောင်းပန်လိုသည်မှာ သင်တို့သည် ထိုတန်ခိုးတော်အစွမ်းကို မခံစားသေးသရွေ့ နှုတ်ကပတ်တော်ကို ကြားနာယုံနဲ့ ကျေနပ်မရောင့်ရဲကြပါနဲ့။ သင့်ရှေ့တွင်ချထားသည့် ဝိညာဉ်အစာကို ချီးမွမ်းခြင်း မပြုပါနဲ့၊ ထိုတန်ခိုးတော် အဟာရကို သုံးဆောင်ရမည်အကြောင်း သိရှိသည့်တိုင်အောင် မှီဝဲသုံးဆောင်ပါ။ ကယ်တင်နိုင်သော သူ့တန်ခိုးတော် အကြောင်းကို မသိသေးသရွေ့ ယေရှု အကြောင်းလုံးဝ မပြောမိပါစေနဲ့။ ယေရှု ၏နာမတော်အဖို့အလို့ငှါ လာမည့်လောကီ တန်ခိုးများကို သိရှိနိုင်ရန် သင့်အား ဘုရားသခင် မစပါစေသော် ... အာမင် ...

သဘာဝတရားကပေးသည့်တုန်လှုပ်ခြင်းကို လက်တွေ့မခံစားရဘဲ မည်သူကမှ ဓမ္မသစ်ကျမ်းကို လေ့လာ၍ မရနိုင်ပါ။ ခရစ်ယာန်အသက်တာ၏ ခြားနားမှုကို ကြည့်ရှုသည့်အခါ ကျွန်ုပ်တို့သည် ထိုကဲ့သို့ အသက်ရှင်နေသည်ကို ကျင့်သားရနေကြပြီးဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် သခင်ယေရှု၏ စံနမူနာအား အတုယူပြီး အသက်ရှင်ရမည်။ ကျွန်ုပ်တို့၏ ကယ်တင်ရှင်နှင့်

တမန်တော်များထားရှိသည့်စံနမူနာများကို အကျဉ်းချုပ်အနေနဲ့ ကြည့်ကြပါစို့။

ယေရှု အသက်ရှင်ခဲ့သကဲ့သို့ ကျွန်ုပ်တို့လည်း အသက်ရှင်ကြရပါမည် (၁ ယော၊ ၂း၆)။ ကျွန်ုပ်တို့သည် မိမိတို့၏ ရန်သူများကို ချစ်ကြရပါမည် (မဿဲ၊ ၅း၄၄)။ ကျွန်ုပ်တို့သည် ယေရှု ခွင့်လွှတ်သကဲ့သို့ ခွင့်လွှတ်ရပါမည်။ ယေရှုအား လက်ဝါးကားတိုင်တော်တွင် ရိုက်ထားသည့်အခါ လက်ဝါးကားတိုင်တော်၏ ရှက်ကြောက်ခြင်း၊ ပြင်းပြသည့် ဒုက္ခဝေဒနာခံစားခြင်းများ ကြုံတွေ့သော်လည်း သူ့အား ကျိန်ဆဲသောသူတို့အား သည်းခံခွင့်လွှတ်ခဲ့သည်(လုကာ၊ ၂၃း၃၄၊ ကော၊ ၃း၁၃)။ ကျွန်ုပ်တို့သည် မိမိတို့အား မုန်းတီးနေသော သူတို့အား အထူးမေတ္တာ ပြရပါမည်။ မိမိတို့အား မထီမဲ့မြင်ပြုသောသူများအတွက်လည်း ဆုတောင်းပေးရပါမည် (မဿဲ၊ ၅း၄၄)။

ကျွန်ုပ်တို့သည် သာ၍အောင်မြင်သောသူများဖြစ်သည်(ရောမ၊၈း၃၇) ကျွန်ုပ်တို့သည် အရာရာ၌ ကျေးဇူးတော်ကို ချီးမွမ်းရမည်၊ ခပ်သိမ်းသောအရာ ကို ယုံတတ်ရမည်။ ကျွန်ုပ်တို့ မြတ်နိုးတန်ဘိုးထားသော မျှော်လင့်ချက်များကို ဖျက်ဆီးသော်လည်း မိမိတို့ အကျိုးအတွက် အလို့ငှါသာ ထိုကဲ့သို့ ဖြစ်ပျက်နေခြင်းပင်ဖြစ်သည် (ရောမ၊ ၈း၂၈၊ ဧဖက်၊ ၅း၂၀)။

ကျွန်ုပ်တို့သည် အဘယ်အမှုကို မျှစိုးရိမ်ခြင်းမရှိဘဲ အရာရာ၌ ကျေးဇူးတော်ကိုချီးမွမ်းခြင်းနှင့်တကွဆုတောင်း ပဌနာပြုသောအားဖြင့်၊ သင်တို့တောင်းပန်လိုသောအရာများတို့ကို ဘုရားသခင်အား ကြားလျှောက်ကြလော့။ ထိုသို့ပြုလျှင် အဘယ်သူမျှကြံ၍ မမှီနိုင်သော ဘုရားသခင်၏ ငြိမ်သက်ခြင်းသည် ယေရှုခရစ်အားဖြင့် သင်တို့၏ စိတ်နှလုံးတို့ကိုစောင့်မတော်မူလိမ့်မည် (ဖိလပ္ပိ၊ ၄း၆-၇)။ ကျွန်ုပ်တို့သည် သခင်ဘုရား၌ အစဉ်မပြတ် ဝမ်းမြောက်ခြင်း ရှိကြရမည် (ဖိလိပ္ပိ၊ ၄း၄)။ ကျွန်ုပ်တို့သည် သမ္မတရားနဲ့ ဆိုင်သောအကျင့်၊ လျောက်ပတ်သောအကျင့်၊ ဖြောင့်မတ်သော အကျင့်၊ စင်ကြယ်သော အကျင့်၊ သူတပါးနှစ်သက်ဘွယ်သောအကျင့်၊ချီးမွမ်းဘွယ်သောအကျင့် ရှိသမျှတို့ကို၎င်း၊ ပါရမီတပါးပါး၊ ကောင်းသော သီတင်းတစ်ပါးပါးနှင့်ဆိုင်သော အကျင့်တို့ကို ၎င်း နှလုံးသွင်းကြ ရမည် (ဖိလိပ္ပိ၊ ၄း ၈)။

ဘုရားသခင်သည် သန့်ရှင်းတော်မူသောကြောင့် ကျွန်ုပ်တို့သည်လည်း သန့်ရှင်းကြရမည် (၁ပေ၊ ၁း၁၆)။ ကယ်တင်ရှင်က - ကျွန်ုပ်တို့သည် သူ့အားယုံကြည်လျှင်အသက်စမ်းရေသည် မိမိတို့ အထဲမှ စီးဆင်းလာမည်ဟု မိန့်တော်မူခဲ့သည် (ယောဟန်၊ ၇း၃၈)။ ကျွန်ုပ်တို့သည် အမှားအယွင်း မရှိဘဲ ရဲရင့်စွာဖြင့် အပြစ်အနာအဆာ မရှိသော အလင်းကဲ့သို့ ထွန်းလင်းပြီး ကောက်ကျစ်စဉ်းလဲ၍ ဖောက်ပြန်သော လောကကြီးနဲ့ ဆန့်ကျင်ဘက် အသက် ရှင်ကြရမည် (ဖိလိပ္ပိ၊ ၂း၁၅)။ ကျွန်ုပ်တို့သည် မိမိတို့ကိုယ်ကို အလိုလိုက်ခြင်း၊ ဦးစားပေးခြင်း၊ ကိုယ်ကျိုးရှာခြင်း၊ ချစ်ခြင်းမရှိဘဲလျက် မုန်းတီးကြရပါမည်။ ထိုသို့ပြုခြင်းသည် မိမိတို့၏ ဇာတိပကတိကို မုန်းတီးခြင်း၊ စွန့်လွှတ်ခြင်းများကို နေ့စဉ်ပြုရမည်ဟု ဆိုလို ခြင်းဖြစ်သည် (လု၊ ၉း၂၃)။

ကျွန်ုပ်တို့သည် အရာရာတိုင်း၌သော်၎င်း၊ အချိန်တိုင်း၌သော်၎င်း လုံး၀ဥဿုံ မိမိတို့၏ ဇာတိ သဘော များကို မစွန့်လွှတ်လျှင် ခရစ်တော်၏ တပည့်တော် ဖြစ်လာနိုင်မည် မဟုတ်ပေ (လု၊ ၁၄း၂၆)။ တမန်တော် ရှင်ပေါလု၏ သွန်သင်ချက်အတိုင်း ကျွန်ုပ်တို့သည် အထက်အရာတို့ကိုသာစိတ်စွဲလန်းခြင်း ရှိရမည် (ကော၊ ၃း၁-၂)။

ထို့ကြောင့် အထက်ပါအရာများကို မလိုက်လျောက်နိုင်ဘဲ ရှေ့ဆက်၍ ခြေလှမ်းခြင်းကို ရပ်တန့်ခြင်းကပို၍ ကောင်းပါသည်။ ရှေ့ကိုဆက်၍သွားမည်ဆိုလျှင် မိမိတို့အား အရှက်ရစေခြင်း၊ နာကျင်ခြင်းများကိုသာ တိုးစေမည်ဖြစ်သည်။ မိမိတို့သည် တရားစီရင်ရာ ပလ္လင်ရှေ့၌ရပ်နေခြင်း သာဖြစ်သည်။ မိမိတို့အား ခရစ်တော်ဖြစ်စေလိုသည့်အတိုင်း အသက်မရှင်ကြပါ။ ဤအရာဖြင့် ခရစ်ယာန်အသက်တာကို တိုင်းတာခြင်းပြီး ဤအချက်ပေါ်တွင် ကျွန်ုပ်တို့ တရားစီရင်ခံရမည်ဖြစ်သည်။ ဤအရာသည် ခရစ်ယာန်များအား ဘုရားသခင် တောင်းဆိုသည့်အရာများ ဖြစ်သည်။ ဖရောဖက်ဟောရှာယက - "ငါ၌ အမင်္ဂ လာရှိ၏၊ ငါအကျိုးနည်းပြီ" ဟူ၍ကြွေး ကြော်ခဲ့သည် (ဟောရှာ၊ ၆း၅)။

## သဘာ၀ တရားမဟုတ်ပါ၊ သဘာ၀ ထက်သာလွန်သော တန်ခိုး

ကယ်တင်ရှင်သည် အဘယ့်ကြောင့် နူးညံ့သိမ်မွေ့ခြင်းနှင့် နားလည်မှု မရှိသနည်း၊ အဘယ့်ကြောင့် မချစ်တတ်သနည်း၊ အဘယ့်ကြောင့် ပညာအလိမ်မာမရှိသနည်း၊ လူ့ဇာတိနဲ့ ပတ်သတ်ဆက်နွယ်သည့် လိုအပ်ချက်များကို အဘယ့်ကြောင့်ပို၍ မပြုလုပ်သနည်း။ သူသည် အဘယ့်ကြောင့် စဉ်းစားဆင်ခြင်မှုမရှိသည်နဲ့ တူနေပါသနည်း။ သူသည် အဘယ့်ကြောင့် ကျွန်ုပ်တို့ ရရှိနိုင်သည့် အရာများကို ကျွန်ုပ်တို့ထံမှ မတောင်းဆိုသနည်း။ သူသည် ကျွန်ုပ်တို့အား ကောင်းကင်၌ ပျံသန်းစေလိုပါသည်။ သို့သော် ကျွန်ုပ်တို့၌ တောင်ပံများမရှိပါ။ လူသားဖြစ်ဖို့ရန် လိုအပ်ချက် အများအပြားမရှိပေ။ ထိုအရာက လူသားဖြစ်ခြင်းကို စိန်ခေါ်မှုဖြစ်စေပါသည်။ စကားများများပြောလျှင် ခရစ်ယာန်တဦး၏ စစ်မှန်သော သဏ္ဍာန်ကဲ့သို့ ပြောပါဟူ၍ ဓမ္မသစ်ကျမ်းစာက ကျွန်ုပ်အား သွန်သင်ထားပါသည်။ ကယ်တင်ရှင်သည် အဘယ့်ကြောင့် သဘာ၀တရားကိုကျော်ပြီး

သဘာဝ ထက်သာလွန်သည့် တန်ခိုးတော်အပေါ် အသက်ရှင်စေပါသနည်း။

မိမိတို့၏ ရန်သူများကို ချစ်ရမည့်အရာသည် သဘာဝမကျလှဟု မြင်သောကြောင့် မိမိအနေဖြင့် ဆန့်ကျင်မိပါသည်။ အမြဲဝမ်းမြောက်ရမည်ဟု ဆိုသည်မှာလဲ သဘာဝမကျလှပေ။ မိမိအား နာကျင်ထိခိုက်စေသည့် အရာများအတွက် ကျေးဇူးတင်ရမည်မှာလည်း သဘာဝမကျလှပေ။ မိမိကိုယ်ကို မုန်းတီးနေရမည့်ဆိုသည်မှာလည်း သဘာဝမကျလှပေ။ ယေရှု အသက်ရှင်သကဲ့သို့ အသက်ရှင်ရမည်မှာလည်း သဘာဝ ကျလှသည် မဟုတ်ပါ။

ကျွန်ုပ်တို့သည် ဆုပ်လည်းစူး စားလည်းရူးဖြစ်သော ဤပြဿနာများကို ရိုးသားစွာရင်ဆိုင်နေခဲ့ကြပါ သလား။ ခရစ်တော်၏ နှုတ်ထွက်စကားများနဲ့ပတ်သတ်၍ ရင်ဆိုင်နိုင်ဖို့ သတ္တိရှိပါသလား။ လူ့ဘက်က ဖြစ်နိုင်ခြေရှိသည့် (သဘာဝအားဖြင့် မိမိတို့ရရှိနိုင်သည့်) ထိုကွာဟချက်ကို ရှောင်ပြေးခြင်းအားဖြင့်သော်၎င်း၊ ဟန်ဆောင်ခြင်းအားဖြင့်၎င်း အကျိုးအမြတ် ရရှိနိုင်ပါသလား။ ခရစ်တော်၏တရားတော် (သမ္မာကျမ်းစာ၌ ဖော်ပြသည့် ဘုရားသခင်၏ နှုတ်ကပတ်တော်) သည် အရာခပ်သိမ်းထက်ကြီးမြတ်ပါသလား။

ကျေနပ်လောက်သည့် အဖြေကို မပေးနိုင်လျှင် (မိမိအနေဖြင့် ပြောရလျှင်အဖြေရှိပါသည်)ခရစ်ယာန်ဘာသာသည် ရန်သူတော်များ၏ လှောင်ပြောင်မှုကို အမွေခံခြင်းသာ ဖြစ်ပါသည်။ လွန်ကဲသည့် အသားပေးမှု၊ ပုံကြီးချဲ့ကားပြောဆိုမှုနှင့် တယူသန် ပြောဆိုခြင်းတို့ကို ကြုံတွေ့ရပါမည်။ ထိုသို့မဟုတ်လျှင် ကျွန်ုပ်တို့သည် ဤအချက်အား ခရစ်တော်၏ ပညတ်တရားနှင့် လူ့ဇာတိကြားက ပြင်ဆင်ချက် လိုအပ်သည် ဟူ၍ ခေါ်ဆိုနိုင်ပါသည်။

## ရိုးသားစွာ ဝန်ခံခြင်း

ဤအရာသည် မဖြေရှင်းနိုင်သည့် ပြဿနာသစ် မဟုတ်ပေ။ တပါးအမျိုးသားများ၏ တမန်တော်ကြီး ဖြစ်သော ရှင်ပေါလုသည် ဤအကြောင်းအရာနဲ့ပတ်သတ်၍ ရှင်းလင်းစွာ ပြောဆိုထားသည်မှာ လူ့ဇာတိသည်ခရစ်တော်၏ စံနာမူနာကို မည်သည့်အခါတွင်မျှ အတုမယူနိုင်ပါဟူ၍ ဖြစ်သည်။ ရောမ အခန်းကြီး ၇ သည် ထိုအချက်နဲ့ပတ်သတ်၍ သက်သေခံနေပါသည်။ ဤနေရာတွင် တမန်တော်ရှင်ပေါလုကသူ၏ရှုံးနိမ့်မှု၊ မျှော်လင့်ချက်ကင်းမဲ့မှု၊ လုံးဝမရရှိနိုင်သည့် ခရစ်ယာန်တို့၏ အကောင်းဆုံးသောစံနမူနာအား နာကျင်သော နောင်တနဲ့ရှာဖွေမှု၊ နှလုံးသားကြေကွဲဘွယ် ကောင်းသော ပြဿနာတွေ့ရှိမှုအပေါ်ညည်းတွားမှုများကိုတွေ့ရှိရပါသည်။ သူအမှန် ယုံကြည်နေသည့်အရာကို ဝန်ခံခဲ့သော အချက်တခုရှိသည်။ ၎င်းသည် ခရစ်တော်၏ ပညတ်တရားတော် တောင်းဆိုသည့် အချက်များကို လူ့ဇာတိ၊ မိမိ၏ကြိုးစားမှု၊ မြိုးမြံစွာ ကျင့်ကြံအားထုတ်မှုတို့အားဖြင့် မည်သည့်အခါတွင်မျှ ပြီးပြည့်စုံစွာ ဖြည့်ဆည်းမပေးနိုင်ဟူသော အချက်ပင်ဖြစ်သည်။

ရှင်ပေါလုသည် ခရစ်တော်၏ ပညတ်တရားတော်များကို စောင့်ထိန်းရန် ကြိုးစားခဲ့ပါသည်၊ မြိုးမြံစွာကျင့်ကြံခဲ့ပါသည်၊ သူငိုကြွေးခဲ့ပါသည်။ သူသည် လူ့သမိုင်းတွင် ကိုယ်ကျင့်သိက္ခါ အရှိဆုံးသော လူသားတဦးကျင့်ကြံသကဲ့သို့ ကြိုးစားခဲ့သည်။ သို့သော် ကြိုးစားသမျှ အားလုံးအချည်းနှီးပင်ဖြစ်သည်။ အပြစ်တရားသည် အဆက်မပြတ် စီးဆင်းနေသော ရေစီးကြောင်းကဲ့သို့ဖြစ်သည်။ ၎င်း၏ရှေ့တွင်ရှိသော အရာအားလုံးကိုလည်း တိုက်စားသွားခဲ့ပါ သည်။ မိမိတို့သည်လည်း အမျိုးမျိုးသော ဤပြဿနာများအားလုံးကို ကြုံတွေ့နေရပါသည်။ ရှင်ပေါလုလည်း ကြုံတွေ့ခဲ့ရပြီးဖြစ်သည်။ သို့သော်လည်း ရှင်ပေါလုသည် မိမိ၏ကြိုးစား၍ ရှုံးနိမ့်သည်ကို၎င်း၊ ကျင့်ကြံ၍မရရှိနိုင်သော ခရစ်တော်၏ ပညတ်တရားနဲ့ဆိုင်သည့် ကိုယ်ကျင့်တရားအပေါ်တွင် ၎င်းပြစ်တင် ပုံချမှုကို မလုပ်ခဲ့ပေ။ ထိုအချက်နဲ့ပတ်သက်၍ သူသည် (သူ့ဇာတိသဘော၌ ရှိသောအကျင့် **ရောမ၊ ၇း၁၈**) မည်သည့် ကောင်းသောအချက်များ မိမိ၌ မတွေ့ရှိနိုင်သည်ကို အံ့ဩဘွယ် ရှင်းရှင်းလင်းလင်းတွေ့ မြင်ခဲ့သည်။ သူသည် ဘုရားသခင်၏ ပညတ်တရားကို နှစ်သက်ခဲ့သည်၊ ချစ်ခင်မြတ်နိုးခဲ့သည်။ သို့သော်ရှင်ပေါလုသည် ထိုပညတ်တော်အား လူ့ဇာတိအားဖြင့် ကျင့်ကြံ၍ မရရှိနိုင်ပါဟူ၍ ရှင်းလင်းစွာ ဝန်ခံခဲ့သည်။ မိမိတို့သည် ဤအရာများကို ရိုးသားစွာ ဝန်ခံမည်ဆိုလျှင် ဘုန်းတော်နဲ့ ပြည့်စုံသော နေ့သစ်ဆီသို့ သွားရာခြေလှမ်းကို သေချာစွာ မြင်တွေ့ပါလိမ့်မည်။ ၎င်းခြေလှမ်းသည် ရှင်ပေါလုအား စူးစမ်းလေ့ လာသောပုဂ္ဂိုလ် ကြီးဖြစ်စေပါသည်။ မိမိတို့အားလည်း ထိုကဲ့သို့ ဖြစ်စေပါလိမ့်မည်။

ရှင်ပေါလုသည် ဒမားစကား မြို့သို့ သွားရာလမ်း၌ ကြုံတွေ့သည့် အဖြစ်အပျက်မတိုင်မီ နေ့ရက်များကဲ့သို့ ရောမဩဝါဒစာအခန်းကြီး ၇ အား ရေးသားချိန်တွင်လည်း နာခံလိုသည့် ဆန္ဒမရှိ သောသူမှာ ပေါလုမဟုတ်ပေ။ သူသည် ယေရှုအား အမှန်ပင ချစ်ခဲ့ပါသည်။ သူသည် လက်ဝါးကား တိုင်တော်၏ စစ်သည်တော်တဦးလည်းဖြစ်သည်။ သူသည် သန့်ရှင်းသော ခရစ်ယာန်တစ်ဦးဖြစ်သည်။ ယခုတွင် သူသည် ခရစ်တော်၏ အားကြီးသော လက်ဝါးကားတိုင် အလင်းရောင်ဖြင့် အလင်းတော်သစ်၌သာ မိမိကိုယ်ကို မြင်တွေ့နေပြီဖြစ်သည်။ တချိန်က မြိုးမြံစွာကျင့်သော မောရှေ၏ တပည့်ဖြစ်သည့် ရှင်ပေါလုသည် ယခုတွင် ခွင့်လွှတ်တတ်သူ ဖြစ်လာပြီး ကြီးမြတ်မှုဖြင့် အနိုင်

ယူခဲ့သည်။ အပြစ်မဲ့သော သေးငယ်သည့် အရာများ၊ စိတ်ထားများအား နှိုင်းယှဉ်လျှင် မည်သည့်ပြဿနာများ မဖြစ်ပေ။ မောရှေ၏ ပညတ်တရားအောက်တွင် အရေးမပါသေးငယ်သည့် အပြစ်များသည် စင်ကြယ်သည့် အကျင့်သီလအဖြစ် မထင်ရှားဘဲ မိမိ၏ စိတ်နှလုံးထဲ၌ ကျူးလွန်လျှင် အပြစ်မရှိဟု မှတ်ယူခဲ့သည်။ ၎င်းတို့သည် ရှုံ့ရှာဘွယ်ဖြစ်သည်။ ၎င်းတို့သည် သည်းခံခွင့်လွှတ်၍ မရနိုင်သောအရာများ ဖြစ်သည်။ သူတို့သည် ငရဲမီးနဲ့ လောင်ကျွမ်းသည့်ပုံပေါ်နေပါသည်။ ထိုအရာများသည် ကင်းမြီးကောက်များ ကိုက်သကဲ့သို့ နာကျင်စေသည်။ ၎င်းတို့သည် ကျိချွဲသောကန်ထဲကတိရိစ္ဆာန်အကောင်အသေကောင်များကဲ့သို့ ပုပ်စော်နံနေပြီဖြစ်သည်။

## ယေရှုကဲ့သို့ဖြစ်လိုသည့် ရှင်ပေါလု

ဤအရာသည် လူ့ကျင့်ဝတ်နဲ့ သက်ဆိုင်သည့် မေးခွန်းမျှသာမဟုတ်တော့ပေ။ ၎င်းသည် အမှားအမှန်နဲ့ သက်ဆိုင်သည့် မေးခွန်းလဲမဟုတ်ပေ။ ခရစ်တော်နဲ့ တူရမည်ဟူသော အမေး မဟုတ်ပါလား။ ၎င်းသည် ပြင်းထန်သည့် မေးခွန်းပင်ဖြစ်သည်။ ရှင်ပေါလုသည် လွတ်မြောက်မှု ရလိုသူဖြစ်သည်။ နှလုံးသားထဲက တိတ်ဆိတ်စွာ မိမိကိုယ်ကိုချစ်နေခြင်း၊ အပြစ်ဆိုဘွယ်မရှိသော ပုံပန်းသဏ္ဍာန်များသည် သူ့အား စက်ဆုပ်ဖွယ် ဖြစ်စေပါသည်။ သူသည် မိမိ၏ နှိမ့်ချခြင်းနှင့် သနားခြင်းစသည့် အရာအားလုံးတွင် ယေရှုကဲ့သို့ တူပေမည်။ သူသည် ဘုရားသခင်အား စင်ကြယ်သော မေတ္တာဖြင့်ချစ်ပြီး "ဘုရားသခင်၏ တပါးတည်းသော သားတော်" အဖြစ် မြင်တွေ့စေသည့် မျက်စိအစုံဖြင့် အစေခံနေပေလိမ့်မည်။ သူသည် ရှုတ်ခြည်း မိမိကိုယ်ကို ရှုံ့ရှာခြင်း၊ မျှော်လင့်ချက်မဲ့သည့် ဝေဒနာခံစားခြင်းနှင့် လွတ်မြောက်ခြင်းအတွက်အော်ဟစ်၍ ငိုကြွေးခဲ့သည် (ရောမ၊ ၇:၂၄)။

ထိုကဲ့သို့ ငိုကြွေးခြင်း၌ ထွက်ပေါက်ရှိပါသလား။ အမှန်ပင်ရှိပါသည်။ ရှင်ပေါလုသည် ထိုထွက်မြောက်ရာ လမ်းကို ရှာတွေ့ခဲ့သည်။ ကျွန်ုပ်တို့သည်လည်း ထိုထွက်မြောက်ရာ လမ်းကိုရှာတွေ့နိုင်ပါလိမ့်မည်။ ယခု ကျွန်ုပ်၏ စာအုပ်သည် မှားယွင်းနေသော အခြေခံအကြောင်းတရားတခု အပေါ် ဆွေးနွေးနေခြင်း ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ခရစ်တော်၏စံနမူနာကိုယူပြီးခရစ်ယာန်ဘဝကို ရယူကြခြင်းဖြစ်သည်။ စံနမူနာကို အတုယူခြင်းဆိုသည့် အခြေခံအချက်နဲ့ ပတ်သတ်၍ ရောမအခန်း ၇ ကို ရေးသားသည့်အခါ ရှင်ပေါလုသည် မိမိကိုယ်ကို မျှော်လင့်ချက်မဲ့နေသည့် ရှုံ့အိုင်ထဲ၌ လဲကျသကဲ့သို့ ကျွန်ုပ်တို့အားလည်း တွန်းအားပေးခဲ့သည်။ ကျွန်ုပ်တို့သည် ခရစ်တော် ဖြစ်စေလိုသည့်အတိုင်း မဖြစ်ကြပေ။ တောင်ပေါ်ဒေသနာတော်သည် ကျွန်ုပ်တို့၏စိတ်အတွေးများ ထဲတွင် ဖေါ်ပြနေသည့်အရာကို ရှာမတွေ့ပေ။ အပြစ်သည် နည်းဥပဒေသ တခုကဲ့သို့ ကျွန်ုပ်တို့၏ အသက်တာတွင် အထိန်းအကွပ်မဲ့နေသည်။ ကျွန်ုပ်တို့သည် မနာလိုခြင်း၊ မာန်မာနကြီးခြင်း၊ အတ္တကြီးခြင်းနှင့် အသွေးအသား၏ တပ်မက်ခြင်းတို့မှ မလွတ်မြောက်နိုင်ပေ။ လျှို့ဝှက်သောတကိုယ် ကောင်းဆန်မှု တောင်ကြီးသည် ကျွန်ုပ်တို့ကို ဖျက်ဆီးနေသည်။ မိမိတို့၏ ကြိုးစားအားထုတ်သမျှသည်လည်း ပြောင်းလဲမှုမရှိပေ။ ဝမ်းမြောက်မှုအနည်းငယ်နှင့် အလွန်နည်းပါးလှသည့် စိတ်ဝိညာဉ် လွတ်လပ်မှုများသည် ရှေးဦးခရစ်ယာန်များကို ထူးခြားစေသည့် နှစ်ထောင်အားရမဖြစ်စေခဲ့ပေ။ ကျွန်ုပ်တို့ စိတ်သောကရောက်ကြရသည်၊ သွေးထွက်သံယိုဖြစ်ခဲ့ကြသည်၊ ရှန်းကန်ခဲ့ကြရသည်။ သို့သော် အရှုံးသည် မိမိတို့နောက်ကိုလိုက် နေပါသည်။ မည်သည့်အရေးကိစ္စကြောင့် ဖြစ်နေပါလိမ့်။ မိမိတို့သည် မှားယွင်းနေသော အခြေခံအကြောင်းတရားအပေါ်တွင်ဆွေးနွေးနေခြင်းဖြစ်ပါသည်။ကျွန်ုပ်တို့သည် ကယ်တင်ရှင် ယေရှုကိုယ်တော်တိုင်ပင် မိမိတို့ထံမှ မျှော်လင့်မထားသည်များကို ကြိုးစား၍ လုပ်ဆောင်နေကြခြင်းဖြစ်သည်။ ခရစ်ယာန်အသက်တာသည် အတုယူခြင်း မဟုတ်ပေ။

## အတုယူခြင်းမဟုတ်ဘဲ ပါဝင်ပတ်သတ်ခြင်း

ကျွန်ုပ်တို့ ပြောဆိုနေသည့် အလွန်ကြီးမားသည့် အခဲခက် ပြဿနာသည် အတုယူခြင်းနှင့် ပါဝင်ပတ်သတ်ခြင်းဆိုသည့် အကြောင်း အရာနှစ်ခုကြားက ထူးခြားမှုကို သိရှိသည့်အခါ ၎င်း ပြဿနာသည် သူ့ဖာသာသူ ဖြေရှင်းပြီးဖြစ်သည်။ "ကျွန်ုပ်တို့သည် ခရစ်တော်နဲ့ ဆက်ဆံသောသူ ဖြစ်ကြ၏" (ဟေဗြဲ၊ ၃:၁၄)။ ခရစ်တော်နည်းတူကျင့်ကြံဖို့ရန် မဖြစ်နိုင်သည့် မိမိအား စုံလင်စွာ ခရစ်တော်နဲ့ ပါဝင်ပတ်သတ်ရန်ဖြစ်လာခဲ့သည်။ ထိုအရာသည် ဇာတိနဲ့ဆိုင်သော "မိမိကိုယ်ကို ဗဟိုပြုသည့်အသက်တာ" စွမ်းအားကို ခရစ်တော်ကိုယ်တိုင် ဖယ်ရှားပြီး ဝိညာဉ်အသက်တာကို ပေးသည့်အခါ၌သာ ဖြစ်နိုင်ပေသည်။ ခရစ်ယာန်အသက်တာသည် ၎င်းအား စစ်မှန်သော သိမြင် နားလည်ခြင်းဖြင့်သာလျှင် လုံးဝဖြစ်နိုင်ပေသည်။ ကျွန်ုပ်သည် ဒုတိယမွေးခြင်းခံရမည်။ "ကိုယ် ကာယသည် အလျှင်းမတတ်နိုင်" (ယော၊ ၆:၆၃)။ ခရစ်တော်မပါလျှင် မည်သည့်အမှုကိုမျှ မပြုနိုင်ပေ။ ခရစ်တော်၌သာလျှင် အသက်ရှင်ရမည်။ မိမိဘဝဟောင်းကို စွန့်လွှတ်ပြီး ခရစ်တော်၌ ဘဝသစ်ကို ရှာဖွေရမည်။

ဤဘဝသစ်ဖြစ်သော ခရစ်ယာန် အသက်တာသည် ရိုးရှင်းလှသော "ဇာတိအသက်တာ" ဖြင့် ရှင်သန်သည့်အခါ လုံးဝနားလည်နိုင်မည်မဟုတ်ဘဲ လက်တွေ့ရရှိ ခံစားရနိုင်မည် မဟုတ်ပေ။ ဇာတိသဘောသည် သူ၏လုပ်ဆောင်ခြင်းနဲ့ ပတ်သတ်၍ ထုတ်ပြန်ချက်များထက် ဘာမျှပိုမည် မဟုတ်ပေ။ မည်ကဲ့သို့ပင်ဖြစ်စေ တောင်ပေါ် ဒေသနာတော်သည် ဤဘဝသစ်နဲ့ ပတ်သတ်၍ အတားအဆီးမှ ကင်းဝေးခဲ့ပြီး ၎င်း၏ သွန်သင်ချက်နဲ့သက်ဆိုင်သောထုတ်ပြန်ချက်တခုသာ ဖြစ်သည်။

ပြဿနာတစ်ခုမှာ ကျွန်ုပ်တို့သည် ခရစ်တော်အား နာခံခြင်းမရှိကြပေ။ စပျစ်ကိုင်းသည် အပင်၌ဆက်သကဲ့သို့ ကျွန်ုပ်တို့သည်လည်း သူ၌ဆက်ရမည်ဟု ခရစ်တော်က သွန်သင်ခဲ့သည်။ မဿဲ၊ ၅-၇ သည် ရှင်ယောဟန်၊ ၁၅ မပါရှိလျှင် စက်ခေါင်းမရှိသည့် ကုန်တင်ယာဉ်များကဲ့သို့၎င်း၊ ရေမရှိသည့် အရပ်က ဝေလငါးတကောင်ကဲ့သို့၎င်း၊ လေမရှိသောအရပ်ရှိ ငှက်တစ်ကောင်ကဲ့သို့၎င်း ဖြစ်ပေလိမ့်မည်။

အထက်ခန်းရှိ အပြန်အလှန်စကားပြောကြခြင်းသည် မိမိ၏ တပည့်တော်များအပေါ်၌ အဓိကအခြေခံကျသော အချက်များကို သွန်သင်ရန်နောက်ဆုံးအခွင့်အရေးဖြစ်သည်ကိုသခင်ယေရှုက ကောင်းကောင်း သိခဲ့သည်။ သူသည် အားလုံးပါဝင် ပတ်သတ် ခြင်းနဲ့ စပ်ဆိုင်သည့် ယုံကြည်သူများ အားလုံးနဲ့ ဝိညာဉ်ရေးရာတွင် တလုံး တဝဖြစ်ခြင်း၊ စည်းလုံးညီညွတ်မှုအပေါ် အဓိကထားသွန် သင်ခြင်းစသည့် အရာများ ဖွင့်ဟခဲ့သည်။ "ငါ၌တည် နေကြလော့၊ ငါသည်လည်း သင် တို့၌ တည်မည်"။ "ငါနှင့်ကွာလျှင် သင်တို့ သည် အဘယ်အမှုကိုမျှ မတတ် နိုင်ကြ" (ယော၊ ၁၅း၅) ဟူ၍လည်း သွန်သင်ခဲ့သည်။

ကျွန်ုပ်တို့အား ခရစ်တော်၏ ပုံစံအတိုင်းတုပဖို့ရန် ခေါ်ခြင်း လုံးဝမဟုတ်ပေ။ ထိုကဲ့သို့သော အကြောင်းအရာများအားလုံး၌ ဤအချက်နဲ့ပတ်သတ်၍ အမှန်တရားတွင် ကောင်းသောအရာ အနည်းငယ်သာရှိသည်။ ရှင်ပေါလုသည် ကောရိန္တုပြဇါဒစာ ပထမစောင်အား - မေတ္တာအခန်းဟူ၍ ထိထိမိမိ သွန်သင်ခဲ့သည်။ ထိုအရာသည် သစ်သားဖြင့် တုပပြုလုပ်သည့် အရာသာလျှင် ဖြစ်နိုင်သည်။ ဤနေရာတွင် ယေရှုသည် "ဇာတိ အသွေးအသားသည် မည်သည့်အရာကိုမျှ အမွေမခံနိုင်" ဟူ၍ ပြောခဲ့သည်။ ရုပ်ရှင်လောကသားများသည် အောင်မြင်သည်အထိ ရိုက်ကွင်းတွင် ခက်ခဲစွာ ကြိုးစားသကဲ့သို့ ခရစ်ယာန်များသည် အခန်းကဏ္ဍတခုအပေါ် ခက်ခဲစွာ ကြိုးစားရန်းကန်ရန် ခေါ် ခြင်း ခံရသူများမဟုတ်ပေ။ ဘုရားသခင်၏ အကြံအစည်တော်ထဲတွင် ခရစ်ယာန် အသက်တာသည် အကန့်အသတ်မဲ့ ကောင်းကြီးများ မင်္ဂလာများနှင့် အလွန် စိတ်ဝင်စားဘွယ် ကောင်းပေသည်။ "ကျွန်ုပ်တို့သည် ခရစ်တော်နဲ့ ဆက်ဆံသောသူဖြစ်၏" (ဟေဗြဲ၊ ၃း၁၄) ဟူ၍ မှတ်တမ်းတင်ထားသည်။ အလွန်ကြီးမြတ်၍ အဖိုးထိုက်သော ဂတိတော်များကို ငါတို့အားပေးတော်မူပြီ "ထိုဂတိတော်များကို အမှီပြု၍ သင်တို့သည် လောကီတပ်မက်ခြင်း အညစ်အကြေးနှင့် ကင်းလွတ်သဖြင့် ဘုရားပကတိကို ဆက်ဆံသောသူဖြစ်မည်အကြောင်းတည်း" (၂ ပေ၊ ၁း၄) ဟူ၍ သွန်သင်ထားသည်။ ယုံကြည်သူသည် ထာဝရ ဘုရားသခင်၏ ခန္ဓာကိုယ်၌ဆက်နွယ် သောသူဖြစ်သည်။ "ငါသည် စပျစ်နွယ်ပင်ဖြစ်၏။ သင်တို့မူကား အကိုင်းဖြစ်ကြ၏" (ယော၊၁၅း၅)။ "ဤနက်နဲသောအရာနဲ့ ဆိုင်သော မဟာစည်းစိမ်ကား ဘုန်းအသရေကို မျှော်လင့်ခြင်းအကြောင်းတည်း ဟူသော ခရစ်တော်ပေတည်း" (ကော၊ ၁း၂၇)။

# ကျွန်ုပ်တို့သခင်၏ ရှင်ပြန် ထမြောက်ခြင်း - သက်သေများ

## Our Lord's Resurrection – The Proof

**အလောင်းမရှိသောသင်္ချိုင်းဂူ-**
"ထို့နောက် သူတို့သည် သင်္ချိုင်းတော် ထဲသို့ဝင်သော်လည်း သခင် ယေရှု၏ အလောင်းတော်ကို မတွေ့ကြ ပေ။ သို့သော် ပေတရုသည်ထ၍ သင်္ချိုင်း တော်သို့ ပြေးလေ၏။ အောက် ကိုငုံ့၍ ကြည့်ရှုသည့်အခါ ပိတ် ပုဆိုးသည်သာ ရှိရစ်သည်ကိုမြင်လျှင် ထို အကြောင်း အရာကို အံ့သြ၍ မိမိအိမ်သို့ ပြန်လေ၏ (လု၊ ၂၄း၃၊ ၁၂၊ ယော၊ ၂၀း၄-၉)။

**ကောင်းကင်တမန်၏ သက်သေတော်** - "သို့သော်လည်း ကောင်းကင်တမန်သည် ထိုမိန်းမတို့အား "ကြောက်ရွံ့ခြင်း မရှိကြနဲ့၊ လက်ဝါးကားတိုင်တော်၌ သတ်သော ယေရှုကို သင်တို့ရှာကြသည်ကို ငါသိ၏။ သူသည် ဤအရပ်၌မရှိ၊ မိန့်တော်မူသည့် အတိုင်း ထမြောက်တော်မူပြီ။ လာကြ၊ သခင် လျောင်းတော်မူရာအရပ်ကို ကြည့်ကြလော့" ဟူ၍ ပြောခဲ့သည် (မဿ၊ ၂၈း၂-၇)။

**မာဂဒလမာရိထံသို့ ယေရှုပေါ်လာခြင်း** - "မာဂဒလမာရိသည် ယေရှုအား ဥယျာဉ် စောင့် ဖြစ်သည်ဟု ထင်မှတ်လျှက် သူ့အား - သင်သည် သူ့ကိုဆောင်သွားသည်မှန်လျှင် အဘယ်မှာထားသည်ကို ကျွန်မအားပြောပါ။ ကျွန်မယူသွားပါမည် အရှင်ဟု ဆိုလေ၏။ - ယေရှုက - မာရိဟု ခေါ်တော်မူလျှင် မာရိသည်လှည့်၍ ရဗ္ဗိုဟုထူးလေ၏ (ရဗ္ဗိ အနက်ကား အရှင်ဘုရားဟု ဆိုလိုသတည်း (ယော ၂၀း၁၁-၁၈)။

**အမျိုးသမီးများထံသို့ ယေရှုပေါ်လာခြင်း** - "မိန်းမတို့သည် သတင်းတော်ကို တပည့်တော်တို့အား ပြောပြရန် သွားကြစဉ်တွင် ယေရှုသည် ကြိုဆိုတော်မူ၍ သင်တို့အား "မင်္ဂလာဖြစ်စေသတည်း" ဟူ၍ မိန့်တော်မူ၏။ ထိုမိန်းမတို့သည် ချဉ်းကပ်၍ ခြေတော်ကို ဘက်ယမ်း လျက် ပြပ်ဝပ်ကိုးကွယ် ကြ၏" ( မဿ၊ ၂၈း၉)။

**ပေတရုထံသို့ ယေရှုပေါ်လာခြင်း** - "သခင်သည် အမှန်ထမြောက်တော်မူပြီ၊ သူသည် ရှိမုန်အား ကိုယ်ကိုပြတော် မူပြီဟု ပြောဆိုလျှင်" (လု၊ ၂၄း၃၄)။

**တပည့်တော်နှစ်ပါးထံသို့ ကိုယ်ထင်ပြခြင်း** - "အချိန်လွန်၍ ယေရှုသည်စားပွဲ၌သူတို့နှဲ့အတူ လျောင်း တော်မူစဉ်၊ မုန့်ကိုယူ၍ ကျေးဇူးတော်ကို ချီးမွမ်းပြီးမှ မုန့်ကိုဖဲ့၍ သူတို့အားပေး တော်မူသည်တွင်၊ သူတို့မျက်စိ ပွင့်လင်း၍ ကိုယ်တော်ဖြစ်သည်ကို သိကြ၏။ ထိုအခါ ကိုယ်တော်သည် ကွယ်ပျောက် တော်မူ၏" (လု၊ ၂၄း၁၃-၃၅)။

**တပည့်တော်ဆယ့်တပါးထံသို့ကိုယ်ထင်ပြခြင်း** - "ထို့နောက် တကျိပ်တပါးသောသူတို့သည် စားပွဲ၌ လျောင်းကြစဉ်တွင် ကိုယ်တော်ကိုပြတော်မူ၍၊ ထမြောက်လျက်ရှိသောကိုယ်တော်ကိုမြင်သောသူတို့၏စကားကို မယုံသောကြောင့် သူတို့မယုံတတ်သောစိတ်၊ ခိုင်မာသောစိတ်ကို ဆုံးမ၍အပြစ် တင်တော်မူပြီးမှ" (မာကု၊ ၁၆း၁၄)။

**သောမက်စ်၏ သက်သေ** - "ထို့နောက် ရှစ်ရက်မြောက်သောနေ့၌ တပည့်တော်တို့သည် တဖန်အထဲမှာ ရှိကြ၍ သောမလည်းပါ၏။ တံခါးများကို ပိတ်ထားစဉ် အခါ၊ ယေရှုသည် ကြွလာ၍ အလယ်မှာ ရပ်တော်မူလျက်၊ သင်တို့၌ ငြိမ်သက်ခြင်းရှိစေသတည်းဟု မိန့်တော်မူ၏။ - ထိုအခါ သောမအား သင်၏လက်ကို ဆန့်၍ ငါ့လက်ကိုကြည့်လော့၊ သင်၏ လက်ကိုဆန့်၍ ငါ့နံဖေးကို စမ်းသပ်လော့၊ ယုံမှားခြင်းမရှိနဲ့။ ယုံလော့ဟု မိန့်တော်မူ၏" (ယောဟန်၊ ၂၀း၂၄-၃၁)။

**ဂါလိလဲနယ်၌ ကိုယ်ထင်ပြခြင်း**- "တဖန် ယေရှုသည် တိဗေရိအိုင်နားမှာ တပည့်တော်တို့အား ကိုယ်ကိုပြတော်မူ၏။ ဤကဲ့သို့ ယေရှုသည် ကိုယ်ကိုပြတော်မူ၏" (ယော၊ ၂၁း၁)။

**ယာကုပ်ထံသို့ ကိုယ်ထင်ပြခြင်း** - "ထို့နောက် ယာကုပ်မြင်ရ၏။ ထို့နောက် တမန်တော် အပေါင်းတို့သည် မြင်ရကြ၏ " ( ၁ကော၊ ၁၅း၇)။

**ညီအစ်ကို ငါးရာအား ကိုယ်ထင်ပြခြင်း** - "ထို့နောက် ညီအစ်ကို ငါးရာမက တပြိုင်နက် မြင်ရကြ၏" (၁ ကော၊ ၁၅း၆)။

**ကောင်းကင်သို့ တက်ကြွတော်မူခြင်း** - "တမန်တော်တို့သည် ကြည့်ရှုလျက် နေကြစဉ်၊ သခင်ဘုရားသည် အထက်သို့ ဆောင်ယူခြင်းကို ခံတော်မူ၍ မိုးတိမ်သည် ကိုယ်တော်ကို မျက်ကွယ်အောင် ခံယူလေ၏" (တမန်၊ ၁း၉-၁၁)။

**သန့်ရှင်းသော ဝိညာဉ်တော်ကြွလာခြင်း** - "ထိုယေရှုကို ဘုရားသခင် ထမြောက်စေတော်မူသည်ကို ငါတို့ရှိသမျှသည် သက်သေခံဖြစ်ကြ၏။ - ထိုသို့ဘုရားသခင်သည် လက်ျာလက်တော်နဲ့ ချီးမြောက်တော်မူသဖြင့်၊ ထို သခင်သည် ဂတိတော်နှင့်ယှဉ်သော သန့်ရှင်းသော ဝိညာဉ်တော်ကို ခမည်းတော်

ထံ၌ ခံပြီးဖြစ်၍ သင်တို့ သိမြင်ကြားရသောအရာကို ညွှန့်လောင်းတော်မူ၏” (တမန်၊ ၂း၃၂-၃၃)။

**တမန်တော်များ၏သက်သေ** - “တမန်တော်တို့သည် သခင်ယေရှု၏ ရှင်ပြန်ထမြောက်ခြင်းနဲ့ ပတ်သတ်၍ ကြီးသော တန်ခိုးတော်နဲ့ သက်သေခံကြ၏” ၃၆၊ ၃း၁၅၊-တမန်၊ ၄း၃၃၊ ၂း၂၄) -၄၁ ၁၃း၃၀-၃၁၊ ၁၀း၄၀-၄း၁၀၊ ၅း၃၀ ။(၃၇

**အသင်းတော်တည်ရှိခြင်း** - “အသက်ရှင်သောသူတို့သည် တဖန်ကိုယ်အလိုသို့လိုက်၍မရှင်သူတို့အတွက်ကြောင့် အသေခံပြီးမှ ထမြောက်တော်မူသောသူ၏ အလိုသို့လိုက်၍ ရှင်စေမည်အကြောင်း ... လူမည်သည်ကား ခရစ်တော်၌ရှိလျှင် အသစ်ပြုပြင်သောသတ္တဝါဖြစ်၏။ ဟောင်းသောအရာတို့သည် ပြောင်းလဲ၍ ခပ်သိမ်းသောအရာတို့သည် အသစ်ဖြစ်ကြပြီ”၂) ကော၊ ၅း၁၅။(၁၇- - “သင်တို့သည် ခရစ်တော်နဲ့အတူထမြောက်ကြသည်မှန်လျှင်၊ ဘုရားသခင်၏ လက်ယာတော်ဘုရားသခင်၏ လက်ယာတော်ဘက်၌ ရပ်နေသည်ကို၎င်း၊ ငါမြင်သည်ဟု ဆို၏” ။(၅၆-တမန်၊ ၇း၅၅)

**ပေါလုထံသို့ပေါ်လာခြင်း** - “နောက်ဆုံး၌ အချိန်မတော်မတန် ဘွားသော သူကဲ့သို့ဖြစ်သော ငါပင်မြင်ရ၏” ၁ကော၊) ။(၁၅း၈

**ယောဟန်ထံသို့ ပေါ်လာခြင်း** - “ထိုသူကို ငါမြင်သောအခါ သေမတတ်ဖြစ်၍ ခြေတော်ရင်း၌ လဲလျက်နေ၏။ ထိုသူသည် လက်ယာလက်တော်ကိုငါ့အပေါ်သို့တင်လျက်၊ ကြောက်ရွံ့ခြင်းမရှိနဲ့၊ ငါသည် အဦးဆုံးသောသူ၊ နောက်ဆုံးသော သူဖြစ်၏” (ဗျာ ၁း၁၀-၁၉)။

**ခရစ်တော်ကိုယ်တော်တိုင်၏သက်သေ** - “ငါသည် အသက်ရှင်သောသူလည်းဖြစ်၏။ ငါသည် အရင် သေသည်ဖြစ်၍ ကမ္ဘာအဆက်ဆက် အသက်နဲ့ပြည့်စုံ၏။ မရဏာနှင့် မရဏာနိုင်ငံ၏ သော့တို့သည်လည်း ငါ၌ရှိ၏” (ဗျာ၊ ၁း၁၈၊ ၅း ၅-၁၀)။

**သမ္မာကျမ်းစာ၏ သက်သေတော်** -

၏ ပြဿနာမှာ စီးပွါးရေးပြဿနာမဟုတ်ပါ၊ နိုင်ငံရေးပြဿနာလည်း မဟုတ်ပါ၊ လူမှုရေး၊ သဘာဝပတ်ဝန်းကျင်ဂေဟာစနစ် ပျက်စီးယိုယွင်းခြင်းကြောင့် ဖြစ်ပေါ်လာသည့် ပြဿနာ မဟုတ်သလို ပညာရေးပြဿနာကြောင့်လည်း မဟုတ်ပေ။ အဓိကပြဿနာသည် ဝိညာဉ် ရေးရာပြဿနာပင်ဖြစ်သည်။ ဤအချိန်၌ ကျွန်ုပ်တို့သည် “စာရိတ္တယိုယွင်းပြီး အသိပညာကင်းမဲ့သော ဤမျိုးဆက်ကို ဘုရားသခင်ထံတော်သို့ မည်သည့်အရာက ပြန်လှည့်စေနိုင်မည်နည်း” ဟူ၍ မေးခွန်းထုတ်ရမည့် အချိန်ပင်ဖြစ်သည်။ ဤအချိန်သည် အခွင့်အာဏာရရှိဖို့ လမ်းကြောင်းကို ရှာဖွေရန်၎င်း၊ အောင်မြင်မှုရရှိရန် လျှို့ဝှက်ချက်ကို၎င်း၊ ယုံကြည်ခြင်းအားကြီးသော စွမ်းအားကို၎င်း၊ ပို၍ကြွယ်ဝသော အသက်တာကို၎င်း အစပြု ရှာဖွေရမည့်အချိန်ပင်ဖြစ်သည်။

ဤအချိန်သည် ကျွန်ုပ်တို့အတွက် ဘုရားသခင်၏ မျက်နှာတော်ကိုရှာပြီး သူ၏ အသံတော်ကို နားထောင်

# ဝိညာဉ်တော်၏ တန်ခိုးလိုအပ်သည်

## ( We need the supernatural power of the Holy Spirit).

**By Fred D. Jarvis.**

ဘက်မှာ ခရစ်တော်သည် ထိုင်နေတော်မူရာအရပ်၌ရှိသော အထက်အရာတို့ကို ရှာကြလော့”ကော၊ ၃း၁) ၊ ဂလာတိ၊ ၂း၂၀။ ဧဖက်၊ ၂း၁၀။(

**သတေဖန်ထံသို့ ယေရှုကိုယ်ထင်ပြခြင်း** -“သူသည်လည်း သန့်ရှင်းသောဝိညာဉ်တော်နဲ့ ပြည့်သဖြင့် ကောင်းကင်သို့ စေ့စေ့ကြည့်မျှော်၍ ဘုရားသခင်၏ ဘုန်းတော်ကို၎င်း၊ ဘုရားသခင်၏ လက်ယာ တော်ဘက်၌ ယေရှုရပ်နေသည်ကို၎င်းမြင်လျှင်၊ ကြည့်ပါ။ ကောင်းကင် ဖွင့်လှစ်သည်ကို၎င်း လူသားသည်

“ထိုအခါ သင်္ချိုင်းတော်သို့ အရင်ရောက်သော အခြားတပည့် တော်သည်ဝင်၍ မြင်သဖြင့် ယုံလေ၏။ - ကိုယ်တော်သည် သေခြင်းမှ ထမြောက်ရမည်ဟူသော ကျမ်းစကားကို တပည့်တော်တို့သည် နားမလည်ကြသေး” (ယော၊ ၂၀း၈-၉၊ လု၊ ၂၄း၄၄-၄၅၊ ဧဖက်၊ ၁း၂၀-၂၂၊ ၄း၉-၁၀၊ ဟေဗြဲ၊ ၁း၃၊ ၁၀း၁၂-၁၃၊ ၁ပေ၊ ၃း၁၈-၂၂)။

ကျွန်ုပ်တို့သည် ပဋိပက္ခကြီးထွားနေသည့် ခေတ် ကာလထဲတွင် အသက်ရှင်နေကြပါသည်။ ဤလောကကာ အလိုတော်ကို ဝန်ခံရမည့်အချိန်ပင်ဖြစ်သည်။ ဘုရားသခင်သည် အရန်အတားကို ပြုလုပ်နိုင်မည့်သူကို၎င်း၊ လိုအပ်ချက်များအတွက် ရပ်တည်ပေးနိုင်သူကို၎င်း ကျွန်ုပ်တို့ထဲတွင် ရှာဖွေနေဆဲပင်ဖြစ်သည် (ယေဇကျေ၊ ၂၂း၃၀)၊ ဘုရားသခင်သည် သူ၏တန်ခိုးတော်ကို ရရှိပြီး အခွင့်အာဏာနဲ့ ပြောဆိုနိုင်သောသူများကို ရှာဖွေနေပါသည်။ ကျွန်ုပ်တို့သည် မိမိတို့ အသက်ရှင်နေသည့် အချိန်ကာလများနဲ့ပြိုင်၍ ပြေးနိုင်သော

ကောင်းကင်တန်ခိုးတော်ရရှိထား သူများ ကို လိုအပ်ပါသည်။ ကျွန်ုပ်တို့၏ ဘုရား သခင်သည် အသက်ရှင်သောဘုရား ဖြစ်သည်။ သူသည် တန်ခိုးတော်ရှင် ဖြစ်ပါသည်။

ကျွန်ုပ်တို့သည် ဘုရားသခင်၏ ကျင့်ဝတ်နှင့်ဝိညာဉ်ရေးရာ ပညတ်ချက်များနဲ့ လျော်ညီစွာ မည်ကဲ့သို့ ပြုမူနေထိုင်ရမည်ကို သင်ယူရပါမည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ သွန်သင်လမ်းပြမှု တခုတည်းဖြင့် လိုက်လျှောက်မည့် သူများနှင့် ဘုရားသခင်၏ အလိုတော်နဲ့ ညီသော ပန်းတိုင်တခုတည်း နောက်လိုက်လျှောက်မည့်သူများ လိုအပ်ပေသည်။ အခွင့်အာဏာရရှိဖို့ အဖိုးအခများ စွာကိုငင်း၊ မိမိ၏ ဝိညာဉ်ရေးရာခါးပန်းကိုစည်းကာ ဘုရားသခင်၏ ဘုန်းတော်ထင်ရှားဖို့ အမိန့်ပေးစေ ခိုင်းသူ တပ်မှူး၏အမိန့်ကို နာခံလျက် အဆုံးတိုင် တိုက်ခိုက်လိုသောသူကို လောကကြီးနှင့် ဘုရား သခင်သည် စောင့်မျှော်နေပါသည်။

ဝိညာဉ်ရေးရာတွင် ဖြတ်လမ်းမရှိသကဲ့သို့ ဈေးစကားများလည်း မရှိပေ။ ကျွန်ုပ်တို့သည် မိမိတို့ကိုယ်ကို နှိမ့်ချရမည်၊ ဆုတောင်းပတ္တနာပြုရမည်၊ မိမိတို့ပြုသည့် ဒုစရိုက်လမ်းမှ လွဲရှောင်ပြီး ဘုရားသခင်၏ မျက်နှာတော်ကို ရှာရမည် (၂ ရာချုပ်၊ ၇း၁၄)။ ကျွန်ုပ်တို့၏ ဝိညာဉ်ရေးရာ ယိုယွင်းပျက်စီးနေမှုကို ဝိညာဉ်ရေးရာနိုးထမှုဖြင့် အောင်မြင်ရပါမည်။

ဘုရားသခင်၏ ဝိညာဉ်တော် လှုပ်ရှားမှုကြီးသည် အရာအားလုံးထက် အလိုအပ်ဆုံးပင်ဖြစ် သည်။ နိုးထမှုသည် ဝိညာဉ်ရေးရာကို ဥပေက္ခာပြုသည့် ရောဂါအား ကုသနိုင်သည့် တစ်ခုတည်းသော ဆေးဖြစ်သည်။ သန့်ရှင်းသော ဝိညာဉ်တော်၏ တန်ခိုးတော် သွန်းလောင်းခြင်းသည် ကောင်းကြီးမင်္ဂလာသော့ချက်ဖြစ်သည်။ သန့်ရှင်းသော ဝိညာဉ်တော်၏ တန်ခိုးသွန်းလောင်းခြင်း မပါရှိလျှင် ကျွန်ုပ်တို့သည် လှုပ်ရှားမှု မရှိဘဲ တန့်နေမည်ဖြစ်သည်။ ယနေ့ ကျွန်ုပ်တို့သည် ဘုရားသခင်ထံ တော်မှ သစ်လွင်သော နိုးထမှု လိုအပ်ပေသည်။ ဆာလံကျမ်း ၁၁၉ တွင် ဆာလံဆရာက မိမိအား နိုးထမှု ရှိစေရန် ၉ ကြိမ်တိတိ ဘုရားသခင်အား ဆုတောင်းခဲ့သည်။ ထိုအရာသည် ဆာလံဆရာ လိုအပ်၍ ရှာဖွေသည့်အရာဖြစ်သည်။
ဆာလံဆရာသည် ထိုနိုးထမှုကို လိုအပ်သည်ဆိုလျှင် ယနေ့ ကျွန်ုပ်တို့သည် မည်မျှလိုအပ်နိုင်မည်နည်း။

## သန့်ရှင်းသော ဝိညာဉ်တော်၏ တန်ခိုးရရှိရန်လိုအပ်သည့် အကြောင်းရင်း

ကျွန်ုပ်တို့၏ ဘဝအသက်တာတွင် လိုအပ်မှုကြီးမားခြင်းသည်လည်း ပို၍ကြီးသော တန်ခိုးပင်ဖြစ်သည်။ တန်ခိုးတော်နဲ့ ပတ်သတ်၍ သမ္မာကျမ်း စာထဲတွင် အမြောက်အများပြောဆို ထားပါသည်။ တန်ခိုးသည် ဘုရားသခင် ပိုင်သည့်အရာဖြစ်သည်(ဆာလံ၆၂း၁၁) ရှင်ပေါလုသည် စကားဖြင့်သာ ဟောပြောသည်မဟုတ်ဘဲ၊ တန်ခိုးတော်အားဖြင့်၎င်း၊ သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် ၎င်း ဟောပြောခဲ့သည် (၁ သက်၊၁း၅)။ ဘုရားသခင်က မိန့်တော်မူသည်မှာ "ဗိုလ်ခြေအားဖြင့် မဟုတ်၊ တန်ခိုးတော်အားဖြင့်မဟုတ်၊ ငါ၏ ဝိညာဉ်တော်အားဖြင့်ဖြစ်သည်..." (ဇာခရိ ၄း ၆)။ ယေရှုသည် တန်ခိုးတော်နဲ့ပြည့်ပြီး ဂါလိလဲပြည်သို့ ပြန်လာခဲ့သည် (လုကာ၊ ၄း၁၄)။ တမန်တော်တို့သည် သခင်ယေရှု၏ ရှင်ပြန်ထမြောက်တော်မူခြင်းအ ကြောင်းကို တန်ခိုးကြီးစွာဖြင့် သက်သေ ခံကြ၏။ ကြီးမားသော ကျေးဇူးတော် သည် သူတို့အပေါ်သို့ သက်ရောက် တော်မူခဲ့သည် (တမန်၊ ၄း၃၃)။ ကျွန်ုပ် တို့သည် မိက္ခါကဲ့သို့ "ငါမူကား၊ ယာကုပ် အမျိုး လွန်ကျူးခြင်း၊ ဣသရေလ အမျိုး ပြစ်မှားခြင်းကို သူတို့အား ဘော်ပြနိုင်မည်အကြောင်း၊ ထာဝရ ဘုရား၏ ဝိညာဉ်တော်အားဖြင့် အရှိန် တန်ခိုး၊ ညာဏ်သတ္တိ အစွမ်းသတ္တိနှင့် ပြည့်စုံ၏ (မိက္ခာ၊ ၃း၈) ဟူ၍ ပြောဆိုနိုင်ရမည်။

ယေရှုက "ကောင်းကင်ဘုံ၌ ၎င်း၊ မြေကြီးပေါ်၌၎င်း စီရင်ပိုင်သော အခွင့်တန်ခိုးရှိသမျှတို့ကို ငါခံရပြီ" ဟူ၍ မိန့်တော်မူခဲ့သည် (မဿဲ၊ ၂၈း၁၈)။ "သင်တို့သည် ကောင်းကင်မှ တန်ခိုးကို မခံမှီ တိုင်အောင် ယေရှုရှလင်မြို့၌ နေကြဦးလော့ဟု မိန့်တော်မူ၏" (လုကာ ၂၄း၄၉)။ ကျွန်ုပ်တို့သည် ဤတန်ခိုးတော်ကို ယနေ့အလွန်ပင် လိုအပ်နေပါသည်။ သန့်ရှင်းသော ဝိညာဉ်တော်တန်ခိုးသည် ကျွန်ုပ်တို့၏ အားနည်းချက်များ၊ မပြည့်စုံမှုများ၊ ဝိညာဉ်ရေးရာ အသီးအပွင့်မဲ့မှုများနှင့် အားအင်ချိနည်းမှုများအတွက် ဆေးဝါးဖြစ်သည်။ အပြစ်သည် ကျွန်ုပ်တို့၏ ဝိညာဉ်ရေးရာတောင်ပံများကို လွယ်ကူစွာ ဖြတ်ထုတ်နိုင်ပြီး ကျွန်ုပ်တို့၏ လှုပ်ရှားမှုကို ရပ်တန့်စေကာ သေစေနိုင်ပါသည်။ အပြစ်ကဲ့သို့ ကျွန်ုပ်တို့အား ချုပ်နှောင်ပြီး လှုပ်ရှားမှုကို ရပ်တန့်စေနိုင်သည့်အရာ မရှိတော့ပေ။ သန့်ရှင်းသော ဝိညာဉ်တော်၏ တန်ခိုးတော်အားဖြင့် ကျွန်ုပ်တို့သည်မြို့သောသူများ၊ အဓိပ္ပါယ်မဲ့သူများ၊ အကူညီမဲ့သူများဖြစ်စရာ မလိုအပ်ပေ။ ဘုရားသခင်၏ တန်ခိုးတော်သည် စွမ်းဆောင်နိုင်သည် သာမကဘဲ ဂတိပေးခဲ့သည့်အရာလည်းဖြစ်သည် (တမန်၊ ၂း၃၈-၃၉)။ ကျွန်ုပ်တို့သည် သန့်ရှင်း သော ဝိညာဉ်တော်နဲ့ပြည့်ရန် မိန့်တော်မူထားပါသည် (ဧဖက်၊ ၅း၁၈)။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ ဖေါက်ခွဲစေနိုင်သည့်တန်ခိုးတော်နှင့် ဆက်နွယ်ရမည်။ ကျွန်ုပ်တို့၏ အသက်တာ၌ သန့်ရှင်းသော ဝိညာဉ်တော်၏ သဘာဝ ထက် သာလွန်သော တန်ခိုးတော် လိုအပ်ပေသည်။ သန့်ရှင်းသော ဝိညာဉ်တော်သည် ကျွန်ုပ်တို့အား ရဲရင့်မှုကို ပေးနိုင်ပါသည်။ သန့်ရှင်းသော ဝိညာဉ်တော်သည် ကျွန်ုပ်တို့အား သက်သေခံများ ဖြစ်စေနိုင်သည်။ သူသည် ကျွန်ုပ်

တို့၏ နားနှင့် မျက်စိများကို ဖွင့်စေနိုင်သည်။ သူသည် ကျွန်ုပ်တို့၏ နှုတ်လျှာ ပါးစပ်များကို ပွင့်စေနိုင်သည်။ သန့်ရှင်းသော ဝိညာဉ်တော်သည် ကျွန်ုပ်တို့အား မေတ္တာ၊ ဝမ်းမြောက်ခြင်း၊ ငြိမ်သက်ခြင်း၊ သည်းခံခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ကောင်းမြတ်ခြင်း၊ယုံကြည်ခြင်း နှိမ့်ချခြင်း၊ ကာမဂုဏ်ချုပ်တည်းခြင်းများကို ပေးနိုင်သည် (ဂလာတိ၊ ၅း၂၂-၂၃)။ သူသည် ကျွန်ုပ်တို့အား အသက်စမ်းရေကို ပေးနိုင်ပါသည် (ယောဟန်၊ ၇း၃၇-၃၉)။ ကျွန်ုပ်တို့၏ အသက်တာသည်လည်း ကောင်းကြီးမင်္ဂလာနဲ့ ပြည့်လျှံပြီး အဝီစိ စမ်းရေတွင်းကဲ့သို့ ဖြစ်လာမည်ဖြစ်သည်။

ဘုရားသခင်သည် ကျွန်ုပ်တို့အား အနံ့အရသာမဲ့သော အသက်တာတွင် အသက်ရှင်စေရန် အလိုတော်မရှိပေ။ ကျွန်ုပ်တို့သည် ဝိညာဉ်တော်နဲ့ မွေးဖွါးသည်သာမကဘဲ သန့်ရှင်းသော ဝိညာဉ်တော်နဲ့ ပြည့်ဝရန် လိုအပ်ပေသည်။ ပျောက်ဆုံးသော ဝိညာဉ်ဖမ်းမည့် တန်ခိုးသည် ကျွန်ုပ်တို့ ဆုတောင်းရမည့်အရာပင်ဖြစ်သည်။ ကျွန်ုပ်တို့သည် သန့်ရှင်းသော ဝိညာဉ်တော်၌ရှိသည့် နဲနက်သော အသက်တာကို သိရှိရမည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ ပြည့်စုံခြင်းအားလုံးနဲ့ ပြည့်ဝရပါမည် (ဧဖက်၊ ၃း၁၉)။ ကျွန်ုပ်တို့သည် လက်ဝါးကားတိုင်တော်၌ အသေခံသည့် အသက်တာ၌ အသက်ရှင်နိုင်သည် (ဂလာတိ၊ ၂း၂၀)။ အလွန်အရေးပါသည့် အချိန်နာရီသည် သန့်ရှင်းသော ဝိညာဉ်တော်နဲ့ ပြည့်သော ခရစ်ယာန်များအတွက် ဖြစ်ပေသည်။ ဘုရားသခင်သည် အထက်မှ မိမိ၏ တန်ခိုးတော်ကို သွန်းလောင်းပြီး ကျွန်ုပ်တို့၏ ဇာတိနှင့် အပြစ်နွံများထဲမှ ကယ်တင်ခြင်းအမှုကို ပြုရန် အလိုတော်ရှိသည်။ မြောက်များစွာသော ခရစ်ယာန်များ၏ အသက်တာထဲမှ ပျောက်ဆုံးနေသည့်အရာမှာ သန့်ရှင်းသော ဝိညာဉ်တော်၏တန်ခိုးတော်ပင်ဖြစ်သည်။

ကျွန်ုပ်တို့သည် တမန်တော်ဝတ္ထုကို ဖတ်ရှုပြီး ဘုရားသခင်၏ တန်ခိုးတော်အား လက်တွေ့ ခံစားနိုင်ပါသည်။ ကျွန်ုပ်တို့သည် ဝိညာဉ်ရေးရာတွင် ဆင်းရဲပြီး ယိုယွင်းပျက်စီးစရာ အကြောင်းမရှိပေ။ ကျွန်ုပ်တို့သည် မိမိတို့၏ အခွင့်ထူးများအောက်တွင် အသက်ရှင်ရန် အကြောင်းမရှိပေ။ ကျွန်ုပ်တို့သည် ဝိညာဉ်ရေးရာ အမှောင်ထဲ၌ လမ်းမှားရန် အကြောင်းမရှိပေ။ ကျွန်ုပ်တို့သည် ဝိညာဉ် ရေးရာတွင် လေးနက်ခြင်းမရှိဘဲ ပေါ့ပျက်သူများဖြစ်ရန် အကြောင်းမရှိပေ။

ကျွန်ုပ်တို့သည် ဝိညာဉ်ရေးရာတွင် အားကြီးသောသူများ၊ တက်ကြွသောသူများ၊ နိုးထ ရှင်သန်သောသူများ ဖြစ်နိုင်ပါသည်။ ဘုရားသခင် ကိုယ်တော်တိုင်သည် ကျွန်ုပ်တို့အား သစ်လွင် သောအရာများကို တွေ့ရှိရန် မစပါစေသော်။ ဘုရားသခင်၏ နှုတ်ထွက် စကားတော်များသည်လည်း အလွန်ပင် ကြီးမြတ်တော်မူ၏။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ တန်ခိုးတော်နှင့် ကောင်းကြီး မင်္ဂလာများကို သိရှိပြီး အားကြီးသောသူများ ဖြစ်နိုင်ပါသည်။

## သာ၍မြင့်သောအသက်တာသို့ ခေါ်ခြင်း

သန့်ရှင်းသော ဝိညာဉ်တော်သည် ကျွန်ုပ်တို့၏ ဝိညာဉ်ရေးရာ၌ ရပ်တန့်ခြင်းနှင့် ရှုံးနိမ့်ခြင်းစသည့် ရောဂါများအား ကုသရန် တခုတည်းသော ဆေးဝါးဖြစ်သည်။ ကျွန်ုပ်တို့သည် သန့်ရှင်းသော ဝိညာဉ်တော်ကို ဝမ်းနည်းစေမှုများ၊ တားဆီးမှုများ၊ အမျက်ဒေါသထွက်စေမှုများကို ကာလကြာရှည်စွာ လုပ်ဆောင်ခဲ့ပြီးဖြစ်သည်။
ဘုရားသခင်သည် ကျွန်ုပ်တို့အား ဖြောင့်မတ်ခြင်းတရားနဲ့ ပြည့်ဝဖို့ရန် ဆာလောင်မွတ်သိပ်မှုအသစ်ကို ပေးပါစေသော်။ "သင်တို့အား သန့်ရှင်းခြင်းရှိစေရန်မှာ ဘုရားသခင်၏ အလိုတော်ဖြစ်သည်" (၁သက်၊ ၄း၃)။ "ဘုရားသခင်သည် ညစ်ညူးစေခြင်းငှါ ငါတို့ကို ခေါ်တော်မူသည်မဟုတ် သန့်ရှင်းစေခြင်းငှါ ခေါ်တော်မူ၏" (၁သ်၊ ၄း၇)။ "ငြိမ်သက်ခြင်း၏ အရှင်ဘုရားသခင်ကိုယ်တော်တိုင်လည်း သင်တို့ကို အကုန်အစင် သန့်ရှင်းစေတော်မူပါစေသော။ ငါတို့ သခင်ယေရှုခရစ် ကြွလာတော်မူသောအခါ သင်တို့၏ ကိုယ်ခန္ဓာ၊ စိတ်၊ ဝိညာဉ် အပေါင်းတို့ကို အပြစ်တင်ခွင့်နှင့် ကင်းလွတ်စေခြင်းငှါ စောင့်မတော်မူပါစေသော" (၁သက်၊ ၅း၂၃)။ ကျွန်ုပ်တို့သည် သူ၏ပညတ်တော်များကို "အညစ်အကြေးနှင့် ကင်းစင်၍ အပြစ်တင်ခွင့်မရှိဘဲလျက်" စောင့်ရှောက် ရကြမည် (၁တိ၊ ၆း၁၃)။ ဆက်၍ ရှင်ပေါလုက "သခင်ဘုရား၏ နာမတော်ကိုခံသောသူ အပေါင်းတို့သည် မကောင်းမှုကို ရှောင်ကြဉ်ကြရမည်" ဟူ၍ သွန်သင်ခဲ့သည် (၂ တိ၊ ၂း၁၉)။ "ငါတို့ သည် မိမိတို့ကိုယ်ကို ကာယအညစ်အကြေးနှင့်ဝိညာဉ်အညစ်အကြေးရှိသမျှနဲ့ကင်းစင်စေ၍ ဘုရားသခင်ကို ကြောက်ရွံ့ရိုသေခြင်းအားဖြင့် မိမိတို့ကိုယ်ကို လုံးဝဖြူစင်သန့်ရှင်း စေကြကုန်အံ့" (၂ ကော၊ ၇း ၁) ဟူသည့် နှုတ်ထွက်စကားသည် ကျွန်ုပ်တို့ လုပ်ဆောင်ရမည့် အရာပင်ဖြစ်သည်။

သာ၍မြင့်သော အသက်တာသို့ ခေါ်ခြင်း၊ ပို၍ပြည့်စုံသော အသက်တာသို့ခေါ်ခြင်း၊ နဲနက်သော အသက်တာသို့ခေါ်ခြင်း၊ သန့်ရှင်းသော အသက်တာသို့ခေါ်ခြင်း၊ အောင်မြင်သော အသက်တာသို့ခေါ်ခြင်း၊ သန့်ရှင်းသော ဝိညာဉ်တော်နဲ့ပြည့်ဝသော အသက်တာသို့ ခေါ်ခြင်းများရှိပါသည်။ သင်ဘယ်လိုပင်ခေါ်ခေါ် ခေါ်ဆိုနိုင်ပါသည်။ ကျွန်ုပ်တို့သည် မိမိတို့ထံသို့ ဘုရားသခင်၏ မကြာမကြာ အလည်လာခြင်း၊ ဘုရားသခင်၏ မျက်မှောက်တော်နှင့် တန်ခိုးတော်ကို

သိရှိခြင်းနှင့် ဘုရားသခင်၏ သန့်ရှင်းသော ဝိညာဉ်တော် ဘိတ်သိသစ်ကို အလွန်လိုအပ်ပေသည်။

ကျွန်ုပ်တို့သည် "ကျွန်တော်မျိုးတို့ကို အားသစ်လောင်းတော်မူပါ၊ သို့ပြုတော်မူလျှင် ကိုယ်တော်ရှင်၏ လူစုတော်ဖြစ်သော ကျွန်တော်မျိုးတို့သည် ကိုယ်တော်ရှင်အား ထောမနာပြုကြပါမည်" ဟူ၍ အရင်ကကဲ့သို့ မရှိဖူးသည့် အော်ဟစ်ခြင်းမျိုးဖြင့် ဘုရားသခင်အား အော်ဟစ်ဖို့ရန် အချိန်ပင်မဟုတ်ပါလား (ဆာလံ၊ ၈၅း၆)။ "အိုထာဝရဘုရား ကိုယ်တော်ရှင်ပြုတော်မူခဲ့သော အမှုတော်တို့ကို ကြားသိရပြီဖြစ်၍၊ ကျွန်တော်မျိုးသည် ထိတ်လန့်အံ့သြလျက်ရှိပါ၏။ ကိုယ်တော်ရှင်ပြု တော်မူခဲ့သော ကြီးမြတ်သည့်အမှုတို့ကို ကျွန်တော်မျိုးတို့ ခေတ်အခါ၌လည်း တဖန်ပြုတော်မူပါ ၏။ အမျက်တော်ထွက်ချိန်၌ပင် ကရုဏာထားတော်မူပါ" ဟူ၍ ကျွန်ုပ်တို့ ဆုတောင်းရမည့်အချိန်ပင်ဖြစ်သည် (ဟဗက္ကုတ်၊ ၃း၂)။ မိမိတို့ ပို၍အလိုအပ်ဆုံးသောအရာသည် ဘုရားသခင်ဖြစ်သည်၊ သန့်ရှင်းသော ဝိညာဉ်တော်တန်ခိုးဖြစ်သည်၊ အစာရှောင်ခြင်းနှင့် ဆုတောင်း ခြင်းဖြစ်သည်။

"ကိုယ်တော်၏ ကျေးဇူးတော်သည် တက်သစ်စ နေရောင်ခြည်သဖွယ်ဖြစ်၏" (ဟေရှာ၊ ၅၈း၈)။ ဤနေ့သစ်အာရုံဦးသည် မကြာမီ ကျွန်ုပ်တို့ အပေါ်သို့ သက်ရောက်ပါစေသော် ..." "သင်၏အလင်း သည် သင့်ပတ်ဝန်းကျင်ရှိ မှောင်မိုက်ကို လင်းလိမ့်မည်၊ သင်၏ညသည် မွန်းတည့် အလင်းရောင် အဖြစ်သို့ ပြောင်းလဲသွားလိမ့်မည်။ ဘုရားသခင်သည် သင်တို့ကို ထာဝစဉ်လမ်းပြပို့ဆောင်မည်။ မိုးခေါင်သည့်ကာလ၌ ကောင်းမြတ်သည့်အစာများဖြင့် သင်တို့ကို ရောင့်ရဲစေမည်။ သင်တို့အရိုး များကို ကျန်းမာသန်စွမ်းစေမည်။ သင်တို့သည် ရေအလုံအလောက် ရရှိသည့်ဥယျာဉ်ကဲ့သို့လည်းကောင်း ဘယ်အခါ၌မျှ မခန်းမခြောက်သည့် စမ်းချောင်းကဲ့သို့လည်းကောင်း ဖြစ်လိမ့် မည်" (ဟေရှာ၊ ၅၈း ၁၀-၁၁)။ ဘုရားသခင်သည် ဤကောင်းကြီးမင်္ဂလာ များကို ကျွန်တော်မျိုးတို့ အပေါ်သို့ သက်ရောက်တော်မူပါစေသော်။

## ကျေးဇူးတင်စကား

ပြန်လည်ကြွလာခြင်း သတင်းကောင်း (Herald of His Coming) ပြန်လည် ထုတ်ဝေနိုင် သောကြောင့် ဘုရားသခင်ကို အထူးဘဲ ချီးမွမ်းကျေးဇူးတင်ပါသည်။ ဤသတင်းကောင်း စကားများသည် ရှေးခေတ်နာမည်ကြီး တရားဟောဆရာကြီးများ၏ တရားဟောချက်များလည်း ပါဝင်ပါသည်။

ဤစာစောင်သည်အခမဲ့ဖြစ်သောကြောင့် လည်းဘုရားသခင်ကို ထပ်၍ ချီးမွမ်းပါသည်။ မိတ်ဆွေများနှင့် အသင်းတော်အတွက်လည်းမှာလို့ရပါသည်။ အောက်ပါလိပ်စာသို့မှာလို့ရပါ သည်။


**Rev.Run Lian**
**National Coordinator**
**P.O.Box -1349**
**No.31/217 Pyiduangsu Street,**
**Ward(2) Shwepyithar Township,**
**Yangon**
**Tel: 09 452112354**
**Email:dts4christ@gmail.com**